



၂၀၁၄ ခုနှစ်အတွက် အမျိုးသားစာပေဆု(ဝတ္ထုတိုဆု)ရ...
ဒုတိယအကြိမ်

ngyoe.com SAMPLE BOOK



လရိပ်အောက်က မိုးတိမ် ( မင်းဝေဟင် )
9 782023 000557

mgyoe.com

mgyoe.com
SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၅၅)

ပုံနှိပ်မှတ်တမ်း



**မင်းဝေဟင်**

# လရိပ်အောက်က မိုးတိမ်


ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၁၆ ခုနှစ်၊ ဇီဇင်ဘာလ
ဒုတိယအကြိမ်၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ

မျက်နှာဖုံးပန်းချီ ♦ မှတ်သုံ

အတွင်းသရုပ်ဖော်ပန်းချီ ♦ အောင်ကျော်

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၇၀၀

စာအုပ်တန်ဖိုး ♦ ၇၅၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်းလမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်၊ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀



မင်းဝေဟင်
လရိပ်အောက်က မိုးတိမ် / မင်းဝေဟင်။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၁၉၂၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၅၅) လရိပ်အောက်က မိုးတိမ်


mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁။ | ပျိုး | အညာရယ် အလွမ်းရယ် မိချောရယ် |
| ၂။ | မယ်စု | အချစ်ဦးရဲ့ ဂျင်းဂျက်ကတ်လေး |
| ၃။ | နိုင်းနိုင်းစနေ | နောက်ဆုံးနတ်သူငယ် |
| ၄။ | လင်းရောင်နီ(စဘေ) | ရိုးရာနှင့်အညာဓလေ့ဝတ္ထုတိုများ |
| ၅။ | တင်မောင်မြင့် | အချစ်ရိုင်းရဲ့ အရိုင်းချစ် |
| ၆။ | မိုင်ရာ | တဈေ့ညရဲ့ သန်းခေါင်ယံ |
| ၇။ | မိုးစက်ငြိမ်း | စိတ်အတွက် ဖတ်စာ |
| ၈။ | လူခါး | ဦးအောင်သင်းကို မော့ကြည့်ခြင်း |
| ၉။ | နိုင်းနိုင်းစနေ | တစ်သက်တာအဖော် |
| ၁၀။ | ခင်သန္တာ | မလွန်ခင်လေး လွမ်းရအောင် |
| ၁၁။ | ဆွေဇင်နေမင်း | ခေါင်မိုးများ |
| ၁၂။ | ဝါဝါတင့်ဆွေ | အက်ဒ်ဒီ |
| ၁၃။ | နေထွန်းလင်း | ငါ့ဘဝအတွက် ငါ လုပ်နိုင်တယ် |
| ၁၄။ | ခင်မြဇင် | ဆည်းဆာချိန် တိမ်နီများ |
| ၁၅။ | စူးရှမေ | ခွင့်လွှတ်ခြင်းဖြင့် လွတ်မြောက်ခြင်း |

mgyoe.com

mgyoe.com SAMPLE BOOK

စာ ရိပ် မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ


| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၁၆။ | နဒီလင်းသစ်ဆေး-၂ | ဒိပ်ထောင့်သုခ |
| ၁၇။ | ရွှေဥဒေါင်း | ပထမံ ဆရာသိန်း |
| ၁၈။ | နိုင်းနိုင်းစနေ | နလုံးသားနက်နက်မှာ ပွင့်တဲ့ ပန်း |
| ၁၉။ | ကိုလေးမြတ် | ကားဂိတ် |
| ၂၀။ | လင်းရောင်နီစဘော | ဒေါင်းမြရီ |
| ၂၁။ | ရွှေဥဒေါင်း | စစ်ရှုံးသူ |
| ၂၂။ | နိုင်းနိုင်းစနေ | နေကြာပန်းလေးတစ်ပွင့်လို ပြုံးပါ |
| ၂၃။ | ညီလေးငယ် | အဝါရောင်ကောင်းကင် |
| ၂၄။ | မျိုး | ဖယောင်း ဥယျာဉ် |
| ၂၅။ | သက်ပိုင်မြန်မာပြန် | သမီးရတနာ |
| ၂၆။ | နိုင်းနိုင်းစနေ | ပျော်ရွှင်ဖို့ ဒီလောက် မခက်ခဲပါစေနဲ့ |
| ၂၇။ | ထက်ဘုန်းရှိန် | မင်းရဲ့ ကိုယ်ပိုင်ပုံစံလေးအတိုင်းသာ |
| ၂၈။ | နိုင်းနိုင်းစနေ | မသွားရရင် သေနိုင်တယ် |
| ၂၉။ | ဒေါက်တာအောင်ဆေး-၂ | အတွေးတို့၏ ဆွဲငင်အား |
| ၃၀။ | သစ်ခက်ဒိပ် | ဘာညာကွိကွ |


mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၃၁။ | ဝေစီးပွားရေးတက္ကသိုလ် | ဆူးပယ်လက် |
| ၃၂။ | ညိုထွန်းလူ | ငါတို့ ရှာပြန်ကြရအောင် |
| ၃၃။ | လင်းရောင်နီ(စဘေ) | ရွှေလွန်းပျံ့ ဘယ်ညာခတ်ပါလို့ |
| ၃၄။ | စိုးဘားနိုင် | မျက်ကွယ်မြစ် |
| ၃၅။ | ရွှေဥဒေါင်း | ရှုပနန္ဒီ ရှုပကလျာဏီ |
| ၃၆။ | နိုင်းနိုင်းစနေ | ကံကောင်းခြင်း တံခါးလာခေါက်တဲ့အခါ |
| ၃၇။ | ထက်ဘုန်းရှိန် | အချစ်မြစ်ပြင်က မေတ္တာရေကြည်လေးတွေ |
| ၃၈။ | နိုင်းနိုင်းစနေ | ကျွန်တော့် ဂျက်ကီချန်း |
| ၃၉။ | ပျိုး | လွမ်းနေဦးမည့် ငွေတောင်ပြည် |
| ၄၀။ | သက်ပိုင် | နှမ်းလျှငက်ငယ် |
| ၄၁။ | အေးထူးအောင်းအဏ္ဏဝါ | တစ်ခါက ပင်လယ် |
| ၄၂။ | ခဲတံ | စိတ်ခံစားမှုများကို ကုစားခြင်း |
| ၄၃။ | ခွန်ညိုသွေး | နကွတ်ကြွေ ပျိုးခင်း |
| ၄၄။ | ထက်ဘုန်းရှိန် | ဘဝသမုဒ္ဒရာထဲက အစာအာဟာရ |
| ၄၅။ | လင်းသစ် | နက္ခတ်မှားတဲ့ ချစ်ခြင်း |

mgyoe.com

mgyoe.com SAMPLE BOOK

## စာရိပ်မြိုင်စာပေမှ ထွက်ရှိပြီးသော စာအုပ်များ

| စဉ် | စာရေးဆရာအမည် | စာအုပ်အမည် |
|---|---|---|
| ၄၆။ | ဂျူလိုင်ကျော်မင်း | တောင်ဇလပ်နီရောင် တိမ်တိုက်တွေ |
| ၄၇။ | နိုင်းနိုင်းစနေ | ကျွန်တော်တို့ ကလေးဆိုး မဟုတ်ပါ |
| ၄၈။ | စုမြတ်ချစ် | အဆိပ်သင့် နှလုံးသား |
| ၄၉။ | ထက်ဘုန်းရှိန် | ပျောက်ဆုံးအချစ် ကူးလွင့်ပင်လယ် |
| ၅၀။ | နိုင်းနိုင်းစနေ | ထွက်ခွာသွားခြင်းအတွက် ကျေးဇူးပါ |
| ၅၁။ | မိုင်ရာ | ဝင့်ကြွေးရှိခဲ့သော် |
| ၅၂။ | ကိုလေးမြတ် | ရွာအကြောင်း၊ ရွာကလူတွေအကြောင်း |
| ၅၃။ | သိန်းသန်းထွန်း | ဘယ်ပန်းချီရေးလို့မှ မမှီ |
| ၅၄။ | ပန်းနုဝါဝါ | ကမာရွတ်အိပ်မက်... လှည်းတန်းပုံပြင် |



# လရိပ်အောက်က မှိုးတိမ် (မဂ္ဂဇင်းဝတ္ထုတိုများ)

မင်းဝေဟာင်

စာရိပ်မြိုင်အမှတ်စဉ်(၅၅)

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ♦ | အမှတ်တရစကား | ၉ |
| ♦ | ဒုတိယအကြိမ်အတွက် အမှတ်တရစကား | ၁၂ |
| ၁။ | တိမ်ထက်မြင့်၍ လေထက်ပေါ့သော | ၁၅ |
| ၂။ | အလဲအပြောင်း တစ်ထောင့်ငါးရာ | ၂၇ |
| ၃။ | မေယုမြင်းမိုရ်. . . ထိုထိုအလင်္ကာ | ၃၇ |
| ၄။ | လရိပ်အောက်က မိုးတိမ် | ၄၇ |
| ၅။ | ချုပ်ရိုး | ၅၇ |
| ၆။ | ခပ်လောလောလေး က,လိုက်ဦးမယ်. . . ပလို့ဂျီ | ၆၇ |
| ၇။ | ကွေ့သော ကောက်သော သင်္ကေတတို့ဖြင့် ဘဝ. . . ဘဝတို့သည် | ၇၇ |
| ၈။ | မလွဲတလွဲ လွဲလွဲလေးတွေ | ၈၇ |


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၉။ | သူ့ကိုယ်မသိ၊ ကိုယ့်သူမသိ ရန်ကုန်မြို့တွင်းတစ်နေရာရာ | ၉၇ |
| ၁၀။ | အပြောအပြတွေရယ်က ကုဋေကုဋာ | ၁၀၉ |
| ၁၁။ | အလွမ်းဆွတ်ဆွတ်ဆောင်း | ၁၁၉ |
| ၁၂။ | နောက်တစ်နေ့ အစီအစဉ် | ၁၂၇ |
| ၁၃။ | ကျန်ရှိနေသေးသော သတင်းများ | ၁၃၉ |
| ၁၄။ | မြင်းမိုရ်နှစ်စင်း | ၁၅၁ |
| ၁၅။ | မနက်ဖြန်တို့၏ ဟိုဘက်ကမနက်ဖြန် | ၁၆၃ |
| ၁၆။ | လက်ထရယ်ဒစ်ပလေ့မန့် | ၁၇၃ |
| ၁၇။ | နှုတ်မဆက်ရစ်ခဲ့ပါ မြကျွန်းညိုညို | ၁၈၀ |
| ♦ | စာရေးသူ၏ ကိုယ်ရေးအကျဉ်း | ၁၉၁ |


mgyoe.com

mgyoe.com SAMPLE BOOK

# အမှတ်တရစကား

နေရာတကာ အားနာတတ်သူများထဲတွင် ကျွန်တော်မပါ။ သို့သော် စာအုပ်အတွက် အမှာစာရေးပေးဖို့ ဆရာ၊ ဆရာမတစ်ယောက်ယောက်အား အကူအညီတောင်းရမည့်ကိစ္စကိုတော့ ကျွန်တော်အားနာသည်။ ဆရာ၊ ဆရာမတစ်ယောက်ယောက်အား အကူအညီတောင်းပါက ဆရာ၊ ဆရာမတို့မှာ ကျွန်တော့်ဝတ္ထုတို ၁၇ ပုဒ်ကို ဖတ်ကြရမည်။ ပြီးလျှင် အမှာစာကို ရေးကြရဦးမည်။ ဆရာ၊ ဆရာမတို့၏ ကိုယ်ပိုင်အချိန်များ ဖဲ့ယူရမည်ကို ကျွန်တော် အားနာပါသည်။

ကျွန်တော် ပထမ ဝတ္ထုတိုပေါင်းချုပ် 'အခွံကလေးတွေ ဝတ္ထုတိုစု' ထွက်တုန်းက အမှာစာကို ကျွန်တော့်ဆရာ ဦးဝင်းငြိမ်းက ရေးပေးသည်။ ဒုတိယဝတ္ထုတိုပေါင်းချုပ် 'မောင်တို့မျိုးကား တန်ခိုးကြီးမား အားလည်းဖွံ့ချေ ဝတ္ထုတိုစု' အတွက်ကျတော့ ဆရာကြည်မင်းက အမှာစာရေးပေးသည်။ ယခုစာအုပ် အမှာစာအတွက် ကျွန်တော်စဉ်းစားပါသေးသည်။ ကျွန်တော်ချစ်သော ဆရာမ မစန္ဒာဆီ အကူအညီတောင်းလျှင် ကောင်းမလား။ ဆရာမကြီး စမ်းစမ်းနွဲ့ (သာယာဝတီ) ကတော့ ဟောပြောပွဲတွေနှင့် နယ်ထွက်နေရတာများသည်။ ဆရာမနုနုရည်(အင်းဝ)ကို ရွှေအမြုတေ စာပေဆုပေးပွဲမှာဆုံတုန်းက ဆရာမဆီလာခဲ့ပါမည်ဟု ပြောလိုက်သေးသည်။ သို့သော်. . . ကျွန်တော် အားနာသည်။

အမှာစာအတွက် ကျွန်တော်ချစ်ခင်လေးစားရသည့် ဆရာ၊ ဆရာမတွေထဲမှ

mgyoe.com

ဆက်၍ စဉ်းစားမိသေးသည်။ ဆရာနေဝင်းမြင့်၊ ဆရာရဲသျှမ်း၊ ဆရာမ မိချမ်းဝေ၊ ဆရာမ ယဉ်ယဉ်နု(မန္တလေး)၊ ဆရာမ ခင်ခင်ထူး၊ ဆရာမ မနှင်းဖွေး၊ ဆရာမ နှင်းဝေငြိမ်း၊ ဆရာမ ဂျူး၊ ဆရာမ မသီတာ (စမ်းချောင်း) အစရှိသဖြင့် ဆရာ၊ ဆရာမ အတော်များများကို စဉ်းစားသေးသည်။ သို့သော်. . . ကျွန်တော် အားနာပါသည်။

သည့်နောက် စာမျက်နှာထက်မှာ ကျွန်တော်နှင့် ရေးဖော်ရေးဖက်အချို့ကို အမှာစာရေးခိုင်းလျှင် ကောင်းမလားဟု စဉ်းစားကြည့်သည်။ ဆရာ မောင်နှင်းပန်း၊ ဆရာ ညီမင်းညို၊ ဆရာ ထွန်းတောက်ထွင့်(သချာ)၊ ဆရာမ မီမို၊ ဆရာမ ချောအိမာန်(မန္တလေး)၊ ဆရာမ ငွေဇင်ယော်ဦး(မိုးကုတ်)၊ ဆရာမ အဖြူရောင်(ရွှေ)၊ ဆရာမ ဝေ (စီးပွားရေးတက္ကသိုလ်)၊ ဆရာမ စံပယ်ဖြူနု၊ ဆရာ မြစ်ကျိုးအင်း၊ ဆရာမ ခင်သန္တာ. . . အစရှိသဖြင့်။ သို့သော် သူတို့ကိုလည်း အားနာပါသည်။

အဲသည့်နောက် တစ်မျိုးစဉ်းစားကြည့်သေးသည်။ ကျွန်တော့်ထက်နောက်ကျမှ မဂ္ဂဇင်းစာမျက်နှာပေါ် ရောက်လာသော်ငြား အရေးကောင်း အတွေးကောင်းကြသည့် ဆရာ၊ ဆရာမလေးများကို အမှာစာရေးခိုင်းလျှင် အမှတ်တရလည်းဖြစ်မည်။ ထူးလည်းထူးဆန်းမည်။ သို့နှင့် စဉ်းစားသည်။ ဆရာ ခန့်ညီဖေ၊ ဆရာနေ (ပင်လယ်ပြာ)၊ ဆရာ ရေအေး၊ ဆရာမ ဆေးဆေး၊ ဆရာမ ရွှေသင်၊ ဆရာ သံလွင်ကို (မော်လမြိုင်) . . . စသည်ဖြင့်။ သို့သော် စဉ်းစားရင်း ကျွန်တော် အားနာလာပြန်သည်။

အကြိမ်ကြိမ် အဖန်ဖန် စဉ်းစားရင်း၊ အကြိမ်ကြိမ်အဖန်ဖန် အားနာရင်းနှင့်ပင် နောက်ဆုံးတော့ အမှာစာမပါဘဲ စာအုပ်ထွက်လိုက်ဖို့သာ စိတ်ကူးမိပါတော့သည်။ အမှာစာမပါဘဲ ထွက်ရသည့် ဤစာအုပ်အတွက် အမှာစာမပါရသည့်အကြောင်း ကျွန်တော် စာဖတ်ပရိသတ်ကို တစ်စုံတစ်ခုတော့ ပြောပြမည်ဟု စဉ်းစားရင်းဖြင့် ဤအမှတ်တရစကားကို ရေးရခြင်းဖြစ်ပါသည်။

ဝတ္ထုတိုတွေကို ကျွန်တော်ချစ်သည်။ ဝတ္ထုတိုတွေကို စပြီးဖတ်တတ်စအရွယ် ၇ တန်း၊ ၈ တန်းအရွယ်ကတည်းက ဝတ္ထုတိုတွေကိုချစ်ခဲ့သည်။ တစ်သက်လုံးလည်း ဆက်ပြီးချစ်မိနေဦးမည်သာ ဖြစ်သည်။ ချစ်မိနေသည့်အလျောက် ရင်ထဲသို့ရောက်လာသော ခံစားမှုအကြောင်းတရားတို့ကိုလည်း အလျဉ်းသင့်လျှင်သင့်သလို ဝတ္ထုတိုများအဖြစ် ဖန်တီးနေမိပါဦးမည်။

ငယ်စဉ်ကတည်းက ဝတ္ထုတိုတွေကို ချစ်တတ်အောင် မဂ္ဂဇင်းများနှင့် ရင်းနှီးခွင့်ပေးခဲ့သည့် အဖေနှင့်အမေကို ကျေးဇူးတင်လှသည်။ စာပေလောကထဲမှာ

mgyoe.com

mgyoe.com SAMPLE BOOK

ဝတ္ထုတိုတွေ ဆက်တိုက်ရေးဖြစ်အောင် အားပေးချီးမြှောက်သည့် ဆရာဦးဝင်းငြိမ်းကို ကျေးဇူးတင်လှသည်။ ကျွန်တော့်ဝတ္ထုတွေမှန်သမျှကို စာအုပ်ဖြစ်အောင် အမြဲစီစဉ်ပေးသည့် ပိတောက်ရနံ့စာအုပ်တိုက်မှ ဆရာဦးခင်မောင်ဦးကို ကျေးဇူးတင်လှသည်။ ကျွန်တော့်ဝတ္ထုတိုလေးတွေကို တခုတ်တရ ဖော်ပြပေးကြသည့် သက်ဆိုင်ရာ မဂ္ဂဇင်းအယ်ဒီတာများကို ကျေးဇူးတင်လှသည်။ ဝတ္ထုတိုလေးတွေ ဆက်တိုက်ရေးဖြစ်နေသည့် အကြောင်းအရင်းထဲမှ တစ်ခုဖြစ်သည့် ဝတ္ထုတိုတွေ မဂ္ဂဇင်းစာမျက်နှာများပေါ် ပါလာလေတိုင်း အကောင်းအဆိုးကို ဝေဖန်ကြ၊ ငြင်းခုံကြ၊ ရန်ဖြစ်ကြနှင့် ချစ်စရာအလွန်ကောင်းသော ကျွန်တော့်ရေးဖော်များကို ကျေးဇူးတင်လှသည်။ ပထမစာအုပ်ကို နှစ်ကြိမ်ရိုက်ရသည်အထိ၊ ဒုတိယစာအုပ်ကိုလည်း ကုန်စင်အောင်အထိ အားပေးခဲ့ကြသည့် ကျွန်တော့်စာဖတ်ပရိသတ်ကို ကျေးဇူးတင်လှသည်။

ပြီးလျှင်. . . သိတတ်သည့်အရွယ်မှစ၍ ယနေ့အချိန်ထိ လုပ်ချင်သည့်ကိစ္စကိုသာလုပ်၍ မလုပ်ချင်သည့်ကိစ္စဆိုလျှင် လှည့်ပင်မကြည့်တတ်သည့် ကျွန်တော့်ကိုယ်ကျွန်တော် ကျေးဇူးတင်လှသည်။ ဝတ္ထုတို၊ ဝတ္ထုရှည်များကို ကျွန်တော် ကြိုးစား ရေးဖွဲ့နေဖြစ်ပါဦးမည်။

မင်းဝေဟင်
၄. ၁၀. ၂၀၁၆

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# ဒုတိယအကြိမ်အတွက် အမှတ်တရ စကား

၂၀၁၆ ခုနှစ်အတွက် ဒီစာအုပ်လေးနဲ့ အမျိုးသားစာပေဆု (ဝတ္ထုတိုဆု) ရတော့ စာပေဆုရတဲ့ စာအုပ်တွေရဲ့ ထုံးစံအတိုင်း အဲ့ဒီအချိန်တုန်းက စာအုပ်တွေ ထပ်ရိုက်ဖြစ်ခဲ့ပေမယ့် မျက်နှာဖုံးလည်း မပြောင်းခဲ့သလို၊ အဖုံးမှာ ဒုတိယအကြိမ် လို့လည်း မတပ်ဖြစ်ခဲ့လိုက်တာမို့ အခု ၂၀၂၃ မှာ ဒီစာအုပ်လေး ပြန်ရိုက်တော့မှ "ဒုတိယအကြိမ်" လို့ တပ်ဖြစ်ခဲ့ပါတယ်။

ကျွန်တော် ဝတ္ထုတိုတစ်ပုဒ်ကို ဖန်တီးဖြစ်တိုင်း မဖြစ်မနေ တွေးတော ဆင်ခြင်မိတဲ့အပိုင်းက ကျွန်တော့်ဝတ္ထုတိုဟာ အဲ့ဒီခေတ်ရဲ့ အခြေအနေ သရုပ်သဏ္ဌာန်ကို တစ်ပိုင်းတစ်စ ဖြစ်စေ၊ အစိတ်အပိုင်း တော်တော်များများဖြစ်စေ ထင်ဟပ်လှစ်ဟနိုင်ရမယ်လို့ ဆင်ခြင်ယူဆမိခဲ့တာပါ။ အဲ့ဒီအတိုင်း ဖြစ်အောင်လည်း ဝတ္ထုတိုတစ်ပုဒ် ဖန်တီးဖို့ စိတ်နဲ့အရင်တည်ဆောက်မိတဲ့အခါတိုင်း အဲ့ဒီအချက်ကို မဖြစ်မနေ ထည့်သွင်းတွက်ချက်လေ့ ရှိပါတယ်။ ဒီလိုဆိုရင် ကျွန်တော့်ဝတ္ထုတိုတွေ ရဲ့ အနုပညာဖန်တီး တည်ဆောက်နိုင်မှုက လွတ်လပ်မှု ရှိပါ့မလားလို့ မေးစရာရှိ ပါတယ်။ ကျွန်တော့်ရဲ့ တစ်ကိုယ်ရေတကာယအတွက်တော့ ကျွန်တော့်ဝတ္ထုတို တွေမှာ ခေတ်တစ်ခုကို ထည့်သွင်းပြရုံနဲ့ ဝတ္ထုတိုပါ ဇာတ်ကောင်စရိုက်တွေနဲ့ ပတ်သက်လို့ အနုပညာဖန်တီးမှု အားလျော့သွားစရာ အကြောင်း မရှိဘူးလို့ဘဲ ဆိုပါရစေ။ ဒီစကားက ဒီဘက်ခေတ် ဝတ္ထုတိုတွေ တည်ဆောက်ဖန်တီးကြတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အခါမှာ "အကြောင်းအရာကို ဦးစားပေးသင့်သလား၊ ပုံစံကို စံထားသင့်သလား၊ ဇာတ်ကောင်စရိုက်ကို ဦးတည်သင့်သလား၊ ပေးချင်တဲ့ Message ကသာ အဓိက လား" အစရှိတဲ့ လား. . . လား. . . လား. . . မေးခွန်းတွေအတွက် ကျွန်တော့် အမြင် တစ်စိတ်တဒေသကို လှစ်ဟလိုက်ခြင်းလည်း ဖြစ်နိုင်ပါတယ်။

၂၀၁၆ မှာ ပထမအကြိမ် ထွက်ခဲ့ဖူးတဲ့ ဒီစာအုပ်ထဲမှာပါတဲ့ ကျွန်တော့်ဝတ္ထုတို တော်တော်များများက ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅ စတဲ့ နှစ်တွေရဲ့ မဂ္ဂဇင်း စာမျက်နှာထက်တွေမှာ ဖော်ပြခံခဲ့ရတဲ့ ဝတ္ထုတိုတွေ ဖြစ်ပါတယ်။ ဒီစာအုပ်ပြန်ထွက် ဖို့အတွက် စာအုပ်မှာပါမဲ့ ဝတ္ထုတို ၁၇ ပုဒ်ကို ကျွန်တော်ကလည်း ပြန်ဖတ် ပြန်စစ် လုပ်ရပါတယ်။ အဲ့ဒီအခါ ကျွန်တော်အပေါ်မှာ ပြောသလို၊ လွန်ခဲ့တဲ့ ၁၀ စုနှစ် ကျော်က ကျွန်တော် ဖြတ်သန်းခဲ့ရတဲ့ ခေတ်ရဲ့အခြေအနေ၊ စနစ်ရဲ့အခြေအနေ တွေကို ကျွန်တော်ကိုယ်တိုင် ပြန်မြင်ရပါတယ်။ ကမ္ဘာကြီးက ခေတ်အရွေ့ ဘယ် လောက် မြန်နေပါစေ၊ အရွေ့နှေးရုံမက၊ တချို့အရွေ့တွေက တစ်ပတ်လည် အရွေ့ အဖြစ် နောက်ပြန်ကိုတောင် ပြန်ရွေ့သွားတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေတွေ အရ ဒီစာအုပ်မှာပါတဲ့ တချို့သော ကျွန်တော့် ဝတ္ထုတိုတွေကလည်း လွန်ခဲ့တဲ့ ၁၀ စုနှစ်ကျော်က ဆိုပေမယ့် ဒီနေ့ဒီအချိန်ကို ပြန်မြင်နေရသလိုပါပဲ။

ဒီစာအုပ်မှာပါတဲ့ "ကွေ့သောကောက်သော သင်္ကေတတို့ဖြင့် ဘဝ. . . ဘဝတို့သည်" ဆိုတဲ့ ဝတ္ထုတိုလေး ရွှေအမြုတေမှာ ဖော်ပြခံရတုန်းက ဝတ္ထုတို အတွက် သရုပ်ဖော်ပုံလေးကို ကျွန်တော် အင်မတန် သဘောကျပါတယ်။ ဆရာ ထွန်းအံ့ ဆွဲပေးတာလို့လည်း မှတ်မိပါတယ်။ ကျွန်တော်တို့ ဝတ္ထုတိုရေးသူတွေရဲ့ ဝတ္ထုတိုတွေကို သရုပ်ဖော်ပန်းချီဆရာတွေက၊ ပန်းချီပညာနဲ့ ပြန်လည်ခံစားပုံဖော် ကြတဲ့အခါ စာရေးသူရဲ့ အတွေးနဲ့ ပန်းချီဆရာရဲ့ အတွေးဟာ ထပ်တူကျသွားတဲ့ အခါတွေ ရှိသလို၊ ရင်ဘတ်စိတ်ကူးချင်း ကွဲလွဲသွားတဲ့အခါတွေလည်း ကြုံရတတ် ပါတယ်။ အဲ့ဒီဝတ္ထုလေးကတော့ ကျွန်တော် ပြောချင်တာနဲ့ ဆရာထွန်းအံ့ မြင်တဲ့ အမြင်က ထပ်တူကျပြီး အင်မတန် သဘောကျစရာ ကောင်းတဲ့ သရုပ်ဖော်ပန်းချီကား တစ်ချပ်ကို ရရှိခဲ့တာမျိုးပါ။ ၂၀၁၄ က ခေတ်သရုပ်ကို ပုံဖော်ကြည့်တဲ့ ဝတ္ထုတို တစ်ပုဒ်ပါပဲ။

ဒီစာအုပ်ကို ပြန်ထုတ်တဲ့အခါ မျက်နှာဖုံးသရုပ်ဖော်ပုံကို ဖန်တီးပေးတဲ့ ဆရာ မုတ်သုံ၊ အတွင်းသရုပ်ဖော်ပုံတွေ ရေးဆွဲပေးတဲ့ ဆရာ အောင်ကျော်၊ စာအုပ်ကို ပြန်လည်စီစဉ်တဲ့ စာရိပ်မြိုင်စာပေက ညီငယ် ပြည့်အာကာနဲ့ ဒီစာအုပ်

mgyoe.com

mgyoe.com SAMPLE BOOK

လေး ပြန်ထုတ်ဖို့ တိုက်တွန်းကြတဲ့ ကျွန်တော့်ရဲ့ စာဖတ်ပရိသတ်တွေကို ကျေးဇူး အထူးတင်ပါကြောင်း မှတ်မှတ်ရရ ဆိုပါရစေ။

ဒီစာအုပ်နဲ့ ပတ်သက်လို့ ပြောချင်သေးတာ တစ်ခုကတော့ ဒီစာအုပ်ကို ပထမအကြိမ်အဖြစ် ၂၀၁၆ မှာ ထုတ်ခဲ့တာမို့ အဲ့ဒီအချိန်၊ အဲ့ဒီခေတ်မှာ ဒီစာအုပ်နဲ့ အမျိုးသားစာပေဆု (ဝတ္ထုတိုဆု) ရယူခဲ့တာကို ဒီနေ့ဒီအချိန်ကနေ ပြန်ကြည့်ရင် ကျေနပ်မိသလို အဲ့ဒီခေတ်ကာလကိုလည်း မှတ်မှတ်ရရ ရှိနေတယ်ဆိုတဲ့ အကြောင်းလေးပါပဲ။


မင်းဝေဟင်

၁၀. ၈. ၂၀၂၃

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK



# မင်းဝေဟန်

## တိမ်ထက်မြင့်၍ လေထက်ပေါ့သော

graphic design by artist aung kyaw @ 2023

mgyoe.com

mgyoe.com SAMPLE BOOK

# တိမ်ထက်မြင့်၍ လေထက်ပေါ့သော

(၁)

ဆရာကန်တော့ပွဲ ကျင်းပမည်ဆိုသည့် ရန်ကုန်တက္ကသိုလ် ဓမ္မာရုံရှေ့ မလှမ်းမကမ်းမှ တက္ကသိုလ်ရိပ်သာလမ်းပေါ် မှာပင် ကားကိုရပ်ဖို့ သူ ဆုံးဖြတ်လိုက်သည်။ ကားကိုရပ်ရင်း ကားတံခါးကိုဖွင့်၊ တပ်ထားသောမျက်မှန်အား မချွတ်သေးဘဲ သူ ကားပေါ် မှဆင်းလိုက်သည်။ သည့်နောက် သုံးနှစ်တာ သူတက်ရောက်ခဲ့ဖူးသော ရန်ကုန်တက္ကသိုလ်ကြီးဘက်သို့ မျက်စေ့ဝေ့ကြည့်လိုက်သည်။ တက္ကသိုလ်ဘက်မှ ကသုတ်ကရက် မြောပါလာသော လေပြည်၌ ကံ့ကော်ပန်းရနံ့တို့က သင်းနေသယောင်။ သို့သော် ကံ့ကော်ရနံ့နှင့်အတူ ယှဉ်တွဲပါလာသည့် ဥသြငှက်သံက တော့ လွမ်းစရာမကောင်းဘဲ တအီအီ တဂျီဂျီဖြင့် ချွဲချွဲပျစ်ပျစ်ဖြစ်နေသည်ဟု သူ ထင်၏။

"အံ့မယ်. . . အခုတလော အင်တာနက်တွေမှာ ပလူပျံအောင်မြင်နေရတဲ့ ပုံတွေအတိုင်းပဲ။ ရန်ကုန်တက္ကသိုလ် အဓိပတိလမ်းကြီးက တယ်လည်းသာယာနေ တာကိုး။ အင်းလေ. . . ဟိုတလောလေးကမှ ဒီထဲမှာ အမေရိကန်သမ္မတ အိုဘား မား လာပြီးဟောပြောသွားသေးတာပဲ။ ဒီလောက်တော့ရှိမှာပေ့ါ။ ငါတို့တက်ခဲ့တုန်း ကနဲ့များ တခြားစီ။ အလို ! တက္ကသိုလ်မုခ်ဦးဝက သစ်တိုပင်ကြီးကတော့ မရှိတော့ ပါလား။ ဪ. . . မေ့နေလိုက်တာ။ အဲဒီအပင်ကြီးက ၂၀၀၈ နာဂစ်မုန်တိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

ပြီးကတည်းက ပြိုလဲသွားခဲ့တာပဲ”

“ဆရာ. . . ဒီလမ်းပေါ်မှာက တကယ်ဆို ကားရပ်လို့မရဘူးဗျ၊ ဒီနေ့ ဓမ္မာရုံထဲမှာ ဆရာကန်တော့ပွဲရှိလို့သာ ရပ်လို့ရတာ။ ဆရာ အထဲကိုဝင်ရင် ဆရာ့ကားကို ကျွန်တော်ကြည့်ပေးထားမယ်နော်။ မုန့်ဖိုးနှစ်ရာလောက်ပဲ ပေးခဲ့၊ ဆရာကလည်းနော်. . . ရှေ့နားကိုတိုးပြီး ရပ်ထားရင် နေပူသက်သာမယ့်ဟာကို. . . ”

တွေးရင်းငေးရင်း ကားပေါ်မှ သူဆင်းလိုက်စဉ်မှာပင် ဆယ်နှစ်၊ ဆယ့်နှစ်နှစ်အရွယ် ကောင်လေးတစ်ယောက်၏ အပြောကြောင့် သူ့အတွေးစလေးတွေ ရပ်တန့်ကုန်သည်။

“ဩော်. . . မြန်မာနိုင်ငံမှာက နေရာတကာ ပိုက်ဆံတောင်းချင်ကြတဲ့ ခလေ့လေးကလည်း မပျောက်သေးပါလား။ ဘယ်နိုင်ငံမှာမှမရှိဘဲ မြန်မာနိုင်ငံမှာပဲ ရှိနေတဲ့ ခလေ့ဆိုတော့ ချစ်စရာကောင်းတဲ့ခလေ့လို့တောင် မှတ်တမ်းတင်ရဦးမယ် ထင်ရဲ့။ ကားကို ကျွန်တော်ကြည့်ထားပေးမယ်တောင် ပါလိုက်သေး။ အတောင်းအရမ်းကထူ၊ လာဘ်စားမှုကထူ။ အဲဒါကြောင့်လည်း တစ်ကမ္ဘာလုံး လာဘ်စားတဲ့ နိုင်ငံစာရင်းတွေ တွက်ထုတ်လိုက်တိုင်း မြန်မာနိုင်ငံ Top 5 ကနေ မဆင်းတာ။ အင်း. . . အင်း. . . . ”

နှစ်ရာတန်တစ်ရွက်ကို ရှာကြံထုတ်ပေးရင်း သူက တွေးချင်ရာကို တွေးနေခြင်းဖြစ်သည်။ စင်္ကာပူမှာကျောင်းတက်၊ အလုပ်လုပ်ရင်း မနေ့ကမှ မြန်မာပြည်ကို ပြန်ရောက်လာသောသူက ယနေ့ တက္ကသိုလ်ဓမ္မာရုံမှာ ကျင်းပမည့် ရန်ကုန်တက္ကသိုလ် ရူပဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ အခမ်းအနားသို့ မယောင်မလည်နှင့် တက်ရောက်လာရခြင်းဖြစ်သည်။ မယောင်မလည်မှ သူ့အတွက် အမှန်တကယ်ပင် မယောင်မလည်ဖြစ်သည်။ သူ စင်္ကာပူမှာ ရောက်နေသော အချိန်အတွင်း အဆက်အသွယ်မပြတ်လေသည့် သူငယ်ချင်းဖြစ်သူ ဖုန်းနိုင်က သူနှင့်အွန်လိုင်းမှာတွေ့စဉ် ပြော၍သာ သူက ယနေ့မှာ ဤပွဲရှိမှန်းသိခြင်း ဖြစ်၏။ အမှန်တကယ်အားဖြင့် ရန်ကုန်တက္ကသိုလ်ဆိုသည်မှာ သူနှင့်အဆက်အသွယ် ပြတ်ခဲ့တာ ကြာပြီဟုပင် ဆိုနိုင်သည်။ ထို့အတူ ယနေ့ကန်တော့ခံကြမည်ဆိုသော သက်ကြီးဆရာ၊ ဆရာမကြီးများပင် သူသိသောသူဟူ၍ ရှိနေနိုင်မည်မထင်။

“ဟေ့ကောင် သုကိုကိုရေ. . . မြန်မာပြည်ကို မင်းပြန်လာမယ့်ရက်နဲ့ ငါတို့ ရန်ကုန်တက္ကသိုလ် ကျောင်းသားဟောင်းတွေ စုပေါင်းလုပ်တဲ့ သက်ကြီး

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာကန်တော့ပွဲ လုပ်မယ့်ရက်ကတော့ ကွက်တိပဲ။ သူငယ်ချင်းတွေအားလုံး နဲ့လည်း တွေ့ရတာပေါ့ကွာ။ ဒါနလေးမြောက်သွားအောင်လည်း အလှူငွေ လေး ဘာလေးလည်း ထည့်ဝင်ပါဦး။ နိုင်ငံရပ်ခြားမှာ စီးပွားရေးအရ အောင်မြင်နေတဲ့ မင်းတို့တွေပူးပေါင်းမှုလည်း ဒီလိုပွဲမျိုးက စည်ကားမှာ"

အမှန်အတိုင်းဆိုရပါလျှင် နောက်ဆုံးစကားတစ်ခွန်းကြောင့်ပင် ယခုပွဲသို့ မဖြစ်မနေ သူတက်ရောက်ခဲ့ရခြင်း ဖြစ်သည်။ သူငယ်ချင်းဖြစ်သူ ဖုန်းနိုင်ပြောသကဲ့ သို့ပင် အလှူငွေဆိုသည်အား သူ၏ရန်ကုန်အိမ်ရှိလူများအား မှာကြား၍ နင့်ခနဲ နေအောင် ထည့်ဝင်ထားပြီးလည်း ဖြစ်သည်။ ရန်ကုန်၌ရှိနေကြသော ယခုပွဲ၏ အမာခံကျောင်းသားဟောင်းများ ထည့်ဝင်သောနှုန်းထားထက် ပိုသည့်ပမာဏအား အမှန်စင်စစ်တွင် သူက ထည့်ဝင်ခဲ့ပြီးဖြစ်သည်။

"ဟာ. . . ဟေ့ကောင် သုကိုကို. . . မင်း သုကိုကိုမဟုတ်လား။ ငါ့ကို မင်း မှတ်မိလား။ ငါလေကွာ. . . ငြိမ်းချမ်း။ မြိတ်သားလေကွာ. . . မှတ်မိပြီ လား"

အသံလာရာဆီသို့ ဖျတ်ခနဲ အကြည့်အရောက်မှာ တရစပ်ကြားခဲ့ရသော စကားများပင် ဖြစ်သည်။ "သြော်. . . အင်း မှတ်မိပြီ"ဟု သူ့နှုတ်မှ ရောယောင်ယောင် လေး လုပ်လိုက်သော်ငြား အမှန်စင်စစ်တွင်မူ အသံရှင်ကို သူ မသိဘဲမနေပါ။ လွန်ခဲ့သော ၈ နှစ်ခန့်က မဟာသိပ္ပံအတူတက်ကြစဉ် အင်းဝဆောင်မှာနေသော ငြိမ်းချမ်းဆိုသူ မြိတ်သားကို သူ ကောင်းစွာမှတ်မိနေပါသေးသည်။ အွန်လိုင်းမှာ ဖုန်းနိုင်နှင့်တွေ့စဉ်ပင် သူငယ်ချင်းတွေအကြောင်း ဟိုရောက်သည်ရောက် ရောက် တတ်ရာရာ ပြောကြသည့်အထဲ ငြိမ်းချမ်းဆိုသည့် မြိတ်သားလည်း Ph.D ပြီး၍ ဒေါက်တာဘွဲ့ရပြီးသကာလ အမိတက္ကသိုလ်ကြီးမှာပင် ဆရာလုပ်နေသည်ကို သူ သိနှင့်ပြီး ဖြစ်ပါသည်။

"မင်းကွာ. . . တော်တော်နေနိုင်တဲ့ကောင်ပဲ။ စင်္ကာပူကိုထွက်သွားတာ ဘယ်လောက်ကြာပြီလဲ. . . ကြားထဲမှာ ပြန်ရောလာရဲ့လား"

ပြောရင်း ကွမ်းတံတွေး တစ်ငုံစာအား တက္ကသိုလ်ရိပ်သာလမ်းမ ကတ္တရာ လမ်းပေါ်သို့ ဗျစ်ခနဲမြည်သံနှင့်အတူ ထွေးထုတ်လိုက်သော ရန်ကုန်တက္ကသိုလ်ဆရာ ဟူသည့် ဒေါက်တာငြိမ်းချမ်းအား သူအတော်ပင် စိတ်ပျက်သွားမိသည်။ သည်လို စည်းမရှိ ကမ်းမရှိလုပ်ပုံမျိုးနှင့် သူနေထိုင်သည့် စင်္ကာပူနိုင်ငံမှာသာဆိုလျှင် လုပ် သမျှလခ ဒဏ်ရိုက်ခံရတာနှင့်ပင် ကုန်သွားလေမလားမသိဟု ဆက်တွေး၏။

mgyoe.com

mgyoe.com SAMPLE BOOK

ဒေါက်တာငြိမ်းချမ်းနှယ် ဝါးပြီးထွေးထားလေသော ကွမ်းတံတွေး ထွေးထုတ်သူများကြောင့် တက္ကသိုလ်ရိပ်သာလမ်း၏ မျက်နှာပြင်ပင် မီးခိုးရောင်ဖြစ်နေရမည့်အစား ညိုပုပ်ပုပ်အရောင် လွှမ်းမိုးနေသလားဟုလည်း သူထင်သည်။ သူက "ငါ လွန်ခဲ့တဲ့ သုံးနှစ်က မြန်မာပြည်ကို တစ်ခေါက်ရောက်ပါသေးတယ်"ဟု ဖြေလိုက်ရ၏။

"ဟ. . . မင်းက မြန်မာပြည်ကို တစ်ခေါက်ရောက်သေးတယ်ဆိုတော့ မင်းက ဟိုနိုင်ငံသားဖြစ်နေတဲ့သဘောကြီး။ ဒါနဲ့ မင်းအခုပြန်လာတာရော အပြီးပြန်လာတာလား"

သည်မေးခွန်းအား စင်္ကာပူနိုင်ငံမှာ အလုပ်လုပ်၍နေထိုင်ကြသော သူနှယ်နှယ် မြန်မာနိုင်ငံသားများအား သွား၍မေးလျှင် ရိုက်ပစ်ကြမည်လားပင် မသိ။ 'မြန်မာပြည်ကိုများ အပြီးပြန်လာသလားတဲ့။ မေးပဲမေးတတ်ပေတော့တယ်။ မင်းတို့နိုင်ငံမှာ နဂိုကတည်းက လုပ်စရာအလုပ်ကောင်းကောင်းမရှိလို့ စင်္ကာပူထွက်ပြီး အလုပ်လုပ်နေတာလေ။ လွယ်လွယ်နဲ့ပြန်လာလို့ ဘာစုမိမှာတုံး။ ဒီပြန်ရောက်ရင်ရော ဘာအလုပ်များ ဂွင်ကောင်းဂွင်ကျယ် လုပ်စရာရှိလို့တုံး၊ ဒီမြန်မာပြည်ကကောင်တွေ ရှိတာလေး ထုခွဲရောင်းချပေါင်နှံပြီး စတိုးဆိုင်ဖွင့်တဲ့ကောင်တွေလည်း အရင်းပြုတ်၊ ကားထောင်စားတဲ့ကောင်တွေလည်း မွဲပြာကျ၊ နိုက်ကလပ်၊ KTV Beer Bar ထောင်စားတဲ့ကောင်တွေလောက်သာ အသက်ရှုချောင်တဲ့ မင်းတို့မြန်မာနိုင်ငံကို အပြီးပြန်လာရင် ငါပါ မင်းတို့နဲ့ရောပြီး ငုတ်တုတ်မေ့နေမှာပေါ့ကွ'ဟူသည့် သူ့ရင်တွင်းစကားတွေအား သည်တက္ကသိုလ်ဆရာငနဲ ကြားလျှင် ချက်ချင်းပင် လဲ၍သေသွားမည်လားမသိဟု သူက ရေငုံနှုတ်ဆိတ်စွာ တွေးနေလိုက်၏။ သို့တိုင် "မင်းရဲ့ လက်ထောက်ကထိကရာထူးက လစာဘယ်လောက်ရသလဲ"ဟူသည့် အငေါ့တူး မေးခွန်းအား သူ့နှုတ်မှ ထွက်ဖြစ်အောင် ထွက်သွားလိုက်သေးသည်။

❑

## (၂)

တက္ကသိုလ်ရိပ်သာလမ်းမှ တက္ကသိုလ်ဓမ္မာရုံထဲသို့ ချိုးမကွေ့မီမှာပင် ဓမ္မာရုံထဲမှ ဖွင့်ထားသော 'မြကျွန်းညိုညို တက္ကသိုလ်' သီချင်းသံအား ကြားနေရသည်။ လော်စပီကာသံထက် ပို၍ကျယ်နေသည့် ဘေးမှတက္ကသိုလ်ဆရာ၏ ရှေးဟောင်းနှောင်းဖြစ် စကားသံများကမူ သူ့အာရုံသို့ ဝင်တစ်ချက်၊ မဝင်တစ်ချက်။ လူတွေကြား၌ ဖုန်းနိုင်ဆိုသည့်အကောင်အား ရှာရသည်မှာလည်း သူ့အတွက် အတော်ပင်ပင်ပန်းစရာ။ ဖုန်းနိုင်နှင့် သူက တွေ့မှဖြစ်မည်။ ယနေ့ပွဲအတွက် ဖုန်းနိုင်နှင့် ကြို

mgyoe.com

တင်ပြောစရာ စကားတချို့က သူ့၌ရှိနေသေးသည်။

“ဟေ့ကောင်ရေ. . . ငါတို့နှစ်က ရဲဘော်ရဲဘက်ကြီး အောင်ကိုကိုတော့ ဒေါက်တာဘွဲ့ရပြီး ငါ့လို တက္ကသိုလ်မှာ ဆရာမလုပ်ဘဲ ဒဂုံ အ. ထ. က ၁ မှာ ကျောင်းအုပ်ကြီးလုပ်နေတယ်ကွ. . . ဒီနေ့ ဒီပွဲကို ဒီလူလာမယ်ထင်တယ်”

“ဪ. . . အေးအေး”

“ငါတို့နှစ်က မဟာတန်းကကွင်း ချိုသဲလေကွာ. . . အခုတော့ကွာ အိမ်ထောင်ကျ ကလေးနှစ်ယောက်အမေဖြစ်ပြီး လူလည်း ဘိလပ်မြေဖျော်စက်ကြီးလို ပုလုံးကြီးဖြစ်နေပြီကွ”

“အင်း အင်း”

“ဟေ့ကောင်. . . မင်း မှတ်မိဦးမလား။ ငါနဲ့အတူ အင်းဝဆောင်မှာနေပြီး မဟာတက်တုန်းက ညတစ်ညမှာ အင်းယားကန်ထဲ ရေဆင်းစိမ်ရင်း ရေနစ်တဲ့ ထူးအောင်ဆိုတဲ့အကောင်လေ. . . ။ သူကကွာ ကြီးကြီးကျယ်ကျယ်နဲ့ တက္ကသိုလ်ဆရာတွေခေါ် တုန်းကလည်း ဝင်မလျှောက်၊ ဟိုမှာပဲလုပ်ဦးမှာလိုလို၊ ဒီဟာပဲလုပ်ဦးမှာလိုလို. . . ဟော. . . မကြာဘူး မိန်းမရပါရော။ အခုတော့ မိသားစုတာဝန်ကို တက်(က)စီဒရိုင်ဘာလုပ်ရင်း ဖြေရှင်းနေလေရဲ့။ ဒီကောင့်ပညာတွေများ နှမြောစရာ။ ဒီနေ့ ဒီကောင်လည်း လာမယ်ထင်တယ်”

တက္ကသိုလ်ဆရာပီပီ လေရှည်နေသည့် ဘေးမှကိုကိုဒေါက်တာကြောင့် သူ စိတ်တွေ အတော်ပင်စပ်ခါးခါးဖြစ်လာခဲ့ပြီ။ ‘ဪ. . . ဪ’၊ ‘အင်း. . . အင်း’ပင် လိုက်ချင်စိတ်မရှိတော့သည့်အတွက် သူက ခေါင်းညိတ်၊ ခေါင်းခါပဲ လုပ်နိုင်တော့သည်။ လမ်းမှာတွေ့သမျှ တော်တော်များများမှာ သူ့အား အမှတ်မထင် ငေးကြည့်သူတွေ များနေသဖြင့် တပ်လက်စမျက်မှန်ပင် သူက ဖြုတ်မပစ်ရဲသေး။ ဓမ္မာရုံထဲသို့ဝင်ကာနီး ဖိနပ်ကိုချွတ်တော့မှ ဝတ်လာသည့် စတိုင်လ်ဘောင်းဘီနှင့် လိုက်ဖက်စွာ ဝတ်ဆင်လာရသောဖိနပ်ကြောင့် သူ အခက်တွေ့ရသည်။

‘မင်း အဲဒီနေ့ကျရင် စောစောလာခဲ့နော်. . . ငါကတော့ ဒီပွဲရဲ့ဖြစ်မြောက်ရေးကော်မတီမှာ အဖွဲ့ဝင်ဆိုတော့ မင်းထက် စောစောကြိုရောက်နေမှာကတော့ သေချာတယ်။ မင်းပြောထားတဲ့ကိစ္စကိုလည်း ငါက ကြိုပြီးစီစဉ်ရဦးမှာဆိုတော့ ငါကတော့ မင်းရောက်တဲ့အချိန် အဲဒီမှာပဲရှိနေမှာပါ’
mgyoe.com

mgyoe.com SAMPLE BOOK

ဖိနပ်အား ကုန်းချွတ်ရင်း မနေ့က ဖုန်းနိုင်ပြောခဲ့သော ဖုန်းထဲကစကားကို ပြန်ကြားယောင်မိ၏။ တစ်ဆက်တည်းမှာပင် မျက်လုံးနှစ်ဖက်ကလည်း ဖုန်းနိုင်ကို တွေ့လိုတွေ့ငြား ရှာမိပြန်သည်။ မြန်မာပြည်မှာ ဖိနပ်ခိုးကြတဲ့ ဖိနပ်သူခိုးခေတ်က ကုန်မှကုန်သေးရဲ့လားဟု တွေးမိရင်း သူ့ရဲ့သရေအစစ် ရှူးဖိနပ်အား အများသူငါ ဖိနပ်များနည်းတူ ဓမ္မာရုံအပြင်ဘက်၌ ချွတ်ခဲ့ရမည့်အရေးအား တွေးပူမိသေးသည်။ သူ့ဘေးမှပါလာသော ဒေါက်တာငြိမ်းချမ်းကတော့ မလှမ်းမကမ်း ဟိုမှာဘက်၌ တွေ့ကရာလူနှင့် စကားဖောင်ဖွဲ့နေလေသည်။

ဖုန်းနိုင်တစ်ယောက် လာမှလာပါ့မလားဟူသည့် စိုးရိမ်မှုတစ်ခု၏နောက်တွင် ဖုန်းနိုင်၏ဖုန်းနံပါတ်အား သူက နှိပ်ပြီးဖြစ်နေလေသည်။ 'လူကြီးမင်းခေါ် ဆိုသော တယ်လီဖုန်းမှာ စက်ပိတ်ထားပါသဖြင့် ခေါ်ဆို၍မရနိုင်ပါရှင်' ဟူသည့်အသံနောက်၌ ကပ်ပြီးပါလာသည့် အတွေးတစ်ခုကြောင့် သူ့စိတ်တို့ ရှုပ်ထွေးနောက်ကျိသွားရလေသည်။

ဆယ်သိန်း။

ဟုတ်သည်။ ယနေ့ပွဲအတွက် သူထည့်ဝင်ခဲ့သော ထည့်ဝင်ငွေက ဆယ်သိန်းတိတိ။ မြန်မာနိုင်ငံသို့ သူပြန်မရောက်မီပင် သူ့မိသားစုအား ဖုန်းဆက်မှာဖြစ်ခဲ့ကာ အဲဒီနောက် သူ့မိသားစုထံသို့ ဖုန်းနိုင် လာရောက်ယူသွားသည့်ငွေက ဆယ်သိန်းတိတိ။ အမှန်တကယ်တွင် ဖုန်းနိုင်နှင့်သူမှာ အွန်လိုင်းမှာတွေ့ဖြစ်သည်မှလွဲ၍ အပြင်မှာ တစ်ယောက်ကိုတစ်ယောက် မမြင်ဖြစ်ကြတော့သည်မှာ သူ စင်္ကာပူသို့ ရောက်စဉ်ကတည်းကဆိုတော့ ရှစ်နှစ်တိတိ။

"သူငယ်ချင်းရေ ငါကတော့ ဘွဲ့တွေလည်း တစ်ခုပြီးတစ်ခုယူ၊ အစိုးရအလုပ်ကျတော့လည်း အဆင်မပြေတာကများတော့ ရန်ကင်းမှာပဲ ကိုယ်ပိုင်စတိုးဆိုင် ပိစိညှောင့်တောက်လေးဖွင့်ပြီး မိသားစုအရေး ဖြေရှင်းနေတယ်ပေါ့ကွာ။ အခုလုပ်မယ့် ဆရာကန်တော့ပွဲကျတော့လည်း ငါက ကျောင်းနဲ့လည်း နီးသလို ကျောင်းထဲကဆရာတချို့ကလည်း ငါနဲ့ အဆက်အသွယ်ရှိနေကြသေးတော့ ဒီပွဲရဲ့အမှုဆောင်ထဲမှာ ငါကဝင်လိုက်တာ။ ငါသိတာကလည်း မင်းတို့ဆိုတော့ မင်းတို့ကိုပဲ အပူကပ်ရတာပေါ့ကွာ။ အခု မင်းက 'စ'လုံးမှာ ကုမ္ပဏီတစ်ခုရဲ့ မန်နေဂျာအဆင့်တောင် ရောက်နေတာဆိုတော့ မင်းဆီကလည်း ထည့်ဝင်မယ့်အလှူငွေက ပမာဏ မနည်းလောက်ပါဘူး. . . နော့"

mgyoe.com

mgyoe.com SAMPLE BOOK

အွန်လိုင်းမှာ ဖုန်းနိုင်နှင့်ဆုံစဉ် ဖုန်းနိုင်ပြောခဲ့သည့် စကားများအောက်၌ ဆယ်သိန်းပမာဏ ထည့်ဝင်မည်ဆိုခြင်းအား အဘယ့်ကြောင့်များ သူအလွယ်တကူ ခေါင်းညိတ်မိခဲ့ပါလိမ့်။ ဆယ်သိန်းဆိုသည့်ပမာဏက စင်္ကာပူမှာ အလုပ်လုပ်နေကြသော သာမန်မြန်မာပြည်ဖွား အလုပ်သမားတစ်ယောက်အတွက်ဆိုပါလျှင်မူ တစ်လစာထက်ပင် ကျော်လွန်နေသေးသည့်ပမာဏ။ အမှန်တကယ် အွန်လိုင်းမှာ ဖုန်းနိုင်နှင့်တွေ့စဉ်၌ ဖုန်းနိုင်လည်း သိမြင်နိုင်သည်မဟုတ်ပါဘဲ သူ ဘာကြောင့် တော်ကီဖွာခဲ့မိပါလိမ့်။ ဖုန်းနိုင်ကရော။ အွန်လိုင်း၌ ပြောသကဲ့သို့ ယနေ့ပွဲ၌ အမှုဆောင်တစ်ယောက်မှ ဟုတ်ပါလေစ။

ဆရာကန်တော့ပွဲရှိခြင်းကို ဖုန်းနိုင်ကသိပြီး တစ်နည်းနည်းနှင့်များ သူ့ဆီဆက်သွယ်ပြီး အလှူငွေကောက်ခံခြင်းလေများလား။ ယခုပင် ပွဲစရန်အတွက် အချိန်ဆယ်မိနစ်လောက်သာ လိုတော့သည်။ ဖုန်းနိုင်နှင့်တူသည့်သူဟူ၍ အရိပ်အယောင်ပင် မမြင်။ ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားသည်တဲ့။ ဆယ်သိန်း။ ဘုရား။ ဘုရား။ ဆယ်သိန်း။

"ဟဲ့. . . နင် သူ့ကိုမှတ်မိသေးလား။ ကျောင်းတုန်းက ကံ့ကော်ပန်းတွေ ပွင့်တဲ့အချိန်. . . ပဲများပြီး ကံ့ကော်ပင်ပေါ် ကို ရှူးဖိနပ်ကြီးနဲ့ တက်သွားလို့ ကံ့ကော်ပင်ပေါ် က ချော်ကျတဲ့ သုကိုကိုလေဟာ။ အခု ဒီကောင်က စင်္ကာပူမှာနေတာ ရှစ်နှစ်လောက်ရှိပြီဟ။ ဟော့ကောင်. . . သုကိုကို. . . သူက ငါတို့အတန်းထဲမှာ ပရက်တီကယ်လုပ်ရင်း ဓာတ်လိုက်ပြီး တက္ကသိုလ်ဆေးရုံကိုရောက်တဲ့ ယွန်းခင်ခင်လေ မင်းမှတ်မိလား"

စကားတောင်စား ကိုကိုဒေါက်တာတို့ကတော့ ယခုအချိန်ထိ ရေပက်မဝင်သေး။ တွေ့သမျှလူတွေ အားလုံးနီးပါးအား သူ့ဆီခေါ်လာ။ မိတ်ဆက်၊ ငယ်ကျိုးငယ်နာတွေအား ပါးစပ်မှ အမြှုပ်ထွက်မတတ် ပလုံစီထအောင်ပြောကာ သူနှင့်ပင် အဆက်အသွယ်မပြတ်ခဲ့ကြသည့်ဟန်တွေပါနေသော စကားလုံးများအား ဖွဲ့သီနေသေးတော့သည်။ အမှန်တကယ်တွင် သူနှင့်ဆုံတာဖြင့် မိနစ်ပိုင်းမျှသာ ရှိသေးသည်လေ။

❑

(၃)

"ငြိမ်းချမ်းရေ. . . ဖုန်းနိုင်တစ်ယောက်လည်း မတွေ့ပါလားကွ"

"ဟင်. . . ဘယ်ကဖုန်းနိုင်လဲ"

mgyoe.com

mgyoe.com

"ရန်ကင်းမှာ စတိုးဆိုင်ဖွင့်ထားတဲ့ ဖုန်းနိုင်လေကွာ. . . ကျောင်းတက်တုန်းက ငါတို့အတန်းထဲကပဲလေ. . . စာတော်တယ်။ မင်းလိုပဲ Ph.D ဝင်တယ်လေ"

ဖုန်းနိုင်နှင့်ပတ်သက်ပြီး စိတ်မရှည်၊ စိတ်ပူ၊ စိတ်ညောင်းလာသည့်အဆုံးဖျတ်ခနဲ လူလစ်သွားခိုက် ငြိမ်းချမ်းကို သူက မေးမြန်းရှင်းပြလိုက်၏။

"အခု ဒီပွဲရဲ့အမှုဆောင်တွေထဲမှာ ပါတယ်တဲ့။ ငါတောင် သူနဲ့ပတ်သက်ပြီးမှ ဒီပွဲကိုရောက်လာတာ။ အလှူငွေတွေကိုလည်း ငါက သူနဲ့ပဲထည့်လိုက်တာ"

"အမှုဆောင်ထဲမှာ ဘယ်သူတွေပါလဲဆိုတာတော့ ငါမသိဘူး၊ အလှူငွေထည့်တာကတော့ ငါတို့ကျောင်းထဲက တွဲဖက်ပါမောက္ခဆီမှာပဲ ငါတို့ထည့်ကြတာ။ သူပဲ ကမကထလုပ်တာ။ အခြားသူတွေ အပြင်မှာ အလှူငွေကောက်သလား၊ မကောက်သလားတော့ ငါမသိဘူး။ ကဲကဲ. . . သူများတွေ နေရာယူနေပြီ။ ငါတို့လည်း နေရာယူရအောင်. . . လာ"

ဟင်။ ဒီပွဲကြီးနှင့် အနီးကပ်ပတ်သက်နေသည့် ငြိမ်းချမ်းတောင် ဒီပွဲမှာ ဖုန်းနိုင်ပါသလား၊ မပါသလား မသိဘူးဆိုပါလား။ ဒီလိုဆိုရင်တော့ အလှူငွေခံပြီး အိမ်ကယူသွားတဲ့ပိုက်ဆံတွေတော့ ပလုံပြီထင်ပါရဲ့။

ပျံ့လာသောချွေးများအား လက်တစ်ဖက်ဖြင့် ပွတ်သုတ်ရင်း သူ့အာရုံတို့ချောက်ချားလာသည်။ တပ်ထားသောမျက်မှန်ကိုပင် ချွတ်ထားမိပြီ။ အရေးထဲ ဘယ်ကမှန်းမသိသော ဆရာမကြီးတစ်ယောက်က ပြုံးပြနေ၍ စိတ်မပါလက်မပါ သူက ပြန်ပြီးပြုံးပြနေရသေးသည်။ ဘေးမှ ဒေါက်တာငြိမ်းချမ်းတို့ပင် ထိုင်စရာနေရာရှာကုန်ကြပြီ။ အခမ်းအနားစတင်တော့မည်ဖြစ်ကြောင်း အခမ်းအနားမှူးကလည်း ကြေညာနေပြီ။ အများနည်းတူ ရောယောင်ကာ သူဝင်ထိုင်လိုက်ရသော်ငြား အာရုံသည် သူနှင့်မကပ်။

"တောက်!. . . ဒီလိုပွဲမျိုးကို ဗန်းပြပြီးတော့များကွာ. . . လိမ်ချင်ကြတဲ့သူတွေက ရှိသေး။ ဒါကြောင့် မြန်မာနိုင်ငံမတိုးတက်တာ၊ ဒီလိုအလေနတောအောက်တန်းစားစိတ်ဓာတ်တွေရှိတဲ့ကောင်တွေနဲ့ တည်ဆောက်ထားမှတော့ ဒီနိုင်ငံ ချွတ်ခြုံမကျ ဘယ်နိုင်ငံ ချွတ်ခြုံကျမလဲ။ ကြည့်ဦး။ လိမ်သွားတဲ့ ဖုန်းနိုင်ဆိုတဲ့ကောင်ကလည်း ငါ မြန်မာနိုင်ငံကို ပြန်ရောက်လာဦးမှာ မဟုတ်ဘူးထင်ပြီး လိမ်တာဖြစ်မှာ။ တစ်နပ်စားတွေ။ တစ်ပွဲတိုးတွေ။ ဒီပွဲ

mgyoe.com

မှာ မင်းက ပိုက်ဆံအများဆုံးထည့်တဲ့သူမို့ ဆရာတွေကန်တော့ပြီးတာနဲ့ လူကြားထဲမှာ ဂုဏ်ပြုလက်မှတ်ပေးမယ် ဆိုတာတောင် ပါသေးတယ်။ ထွင်လုံးတွေ။ လိမ်လုံးတွေ။ ကလိမ်ကကျစ်စကားတွေ။ ဒါမျိုးစကားတွေ ငါတို့စက်ကပ္ပူနိုင်ငံမှာ ပြောလို့ရပါလိမ့်မယ် အားကြီးကြီး။ ဂျေးတောင် အောင်းသွားရဦးမယ်။ ကျောတစ်ရာ၊ ရင်တစ်ရာ ကြိမ်ဒဏ်နဲ့တောင် တွေ့သွားဦးမယ်။ အင်းလေ. . .။ သောက်လုပ် မယ်မယ်ရရမရှိတဲ့ကောင်တွေ ဆိုတော့ ဒီလိုမှလိမ်မစား ဘယ်လိုလိမ်စားမလဲ။ သောက်ကြောကမတင်း လို့လည်း ငါ့လို နိုင်ငံခြားထွက်ပြီး အလုပ်မလုပ်နိုင်တာပေါ့။ တော်တော် တိုးတက် ကြီးပွားဦးမယ့်ကောင်"

ပစ္စက္ခအခြေအနေတွေအား လျစ်လျူရှုကာ သူ့စိတ်ထဲမှ ပြစ်ပြစ်နှစ်နှစ် ကျိန်ဆဲနေသော်ငြားလည်း သူ့ရင်တွင်းအပူလုံးကတော့ဖြင့် ကျ,မသွားနိုင်ပါ။ ဆယ်သိန်းဆိုသော ငွေပမာဏမှာ သူ့အတွက် မပြောပလောက်သော်ငြား မခံချင်မှုတစ်ရပ်ဖြင့် သူ့စိတ်တို့က မချင့်မရဲဖြစ်နေဆဲ။ အများနည်းတူ လူအုပ်တောင့်တောင့်ထဲတွင် ထိုင်၍ ကန်တော့ခံစင်ပေါ်ရှိ ဆရာကြီး၊ ဆရာမကြီးများအား ရှုနေရသော်ငြား အားလုံးကို သဲကွဲစွာပင် သူမမြင်တော့ပါ။ သူတို့စာသင်နှစ်တွင် ထိုထိုဆရာ၊ ဆရာမကြီးများ ပါဝင်ခဲ့သည်လားလည်း ပြန်လည်မတွေးဆနိုင်တော့ပါ။

"ဟာ. . . ဟော့ကောင် သုကိုကို. . . ငါ. . . မင်းကို လိုက်ရှာနေတာကွ။ ကန်တော့ပွဲပြီးပြီးချင်း ဆရာကြီး၊ ဆရာမကြီးတွေကို အကျွေးအမွေးနဲ့ ဧည့်ခံဖို့ တချို့အစားအသောက်တွေက မပြည့်စုံသေးလို့ကွာ။ ငါလည်း နောက်မှာ ဝိုင်းပြီးလုပ်နေရလို့။ ဖုန်းတောင် ပိတ်ထားမိတယ်"

"ဩော်. . . အေး. . . ဖုန်းနိုင်"

"သုကိုကို. . . မင်းကလည်းကွာ အသက်ရကာမှ ချောလာခန့်လာလိုက်တာ၊ တကယ့်ကို လူကြီးလူကောင်းပုံစံပဲ။ ငါတို့ကတော့ မင်းမြင်တဲ့အတိုင်းပဲ၊ ဗိုက်ကရွဲ၊ သွားကကျဲ၊ ရုပ်ကရွဲဖြစ်နေပြီ. . . ဟား ဟား"

"ဩော်. . . အေးအေး"

"နေဦး. . . သုကိုကိုရဲ့၊ ဒီပွဲမှာ မင်းက နိုင်ငံခြားပြန်လည်းဖြစ်သလို ဆယ်သိန်းဆိုတဲ့ ငွေပမာဏအများဆုံးကိုလည်း ထည့်ထားတာဆိုတော့ မင်းရဲ့စေတနာနဲ့၊ ဆရာ ဆရာမတွေအပေါ် ကြည်ညိုလေးစားမှုကို မှတ်တမ်းတင်တဲ့အနေနဲ့ ကြေးဝါပြားပေါ်မှာ စာစီထားတဲ့ ဂုဏ်ပြုလွှာကို ရွှေဘောင်ကွပ်ထားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဟော. . . ဟိုမှာထောင်ထားတယ် တွေ့လား။ ပြီးရင် လက်ရှိပါမောက္ခကိုယ်တိုင် မင်းကို အဲဒီလက်မှတ်ကြီး ချီးမြှင့်လိမ့်မယ်"

ဟိုရောက်သည်ရောက် စုစည်းမရဖြစ်နေသော စိတ်အစဉ်အား တည်ငြိမ်အောင်ကြိုးစားရင်း ဖုန်းနိုင်ပြရာ ခပ်လှမ်းလှမ်းက ဂုဏ်ပြုချီးမြှင့်လွှာ မှန်ဘောင်လေးအား သူလှမ်းကြည့်မိသည်။ ကြေးဝါရောင် ပြောင်လက်နေသော ကြေးပြားအပေါ်မှာ အမဲရောင်စာလုံးလေးတွေ ထွင်းထားပြီး အဆိုပါကြေးဝါပြားလေးအား ရွှေရောင်ဘောင်တစ်ခုဖြင့် ကွပ်ထားလေသည်။ မဆိုသလောက် လှမ်းကွာနေသည့် အနေအထားမို့ ကြေးဝါးပြားပေါ်မှ စာလုံးလေးများ၏ အဓိပ္ပာယ်ကိုတော့ သူရုတ်တရက် မှန်းဆ၍မရ။ သူ့လက်များအား ဆုပ်ကိုင်ကာ အားတက်သရောပြောနေသော ဖုန်းနိုင်၏စကားသံများကလည်း မကြားတစ်ချက် ကြားတစ်ချက်။

"မင်းက ရန်ကုန်တက္ကသိုလ် ကျောင်းထွက်ဆိုတော့ မင်းတက်ခဲ့တဲ့ခုနှစ်နဲ့ အတန်းကိုတော့ မဖြစ်မနေပါအောင် ဂုဏ်ပြုလွှာမှာထည့်ထားတယ်"

ဖုန်းနိုင်ရဲ့စကားအဆုံး သူ့စိတ်ထဲမှာ မတင်မကျမှုတစ်ခုနှင့် တင်းခနဲဖြစ်သွားသည်။ ဖုန်းနိုင် ဆက်ပြောမည့်စကားသံအား စောင့်စားနိုင်မှုကင်းမဲ့စွာဖြင့် ဖုန်းနိုင်အား သူက အလောတကော မေးခွန်းထုတ်လိုက်လေသည်။

"နေဦး ဖုန်းနိုင်။ ငါသိချင်တာလေးတစ်ခုရှိလို့၊ ငါ 'စ'လုံးမှာ လုပ်နေတဲ့ ကုမ္ပဏီနဲ့ ရာထူးကိုရော. . . ငါမင်းကို မေးလ်ထဲမှာ ပို့ပေးထားတဲ့အတိုင်း ဒီဂုဏ်ပြုလွှာထဲမှာ သေသေချာချာ ထည့်ဖြစ်လိုက်ခဲ့ရဲ့လား"

*မေ ၂၀၁၃၊ ရတီမဂ္ဂဇင်း။*

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK



mgyoe.com SAMPLE BOOK

# အလဲအပြောင်း တစ်ထောင့်ငါးရာ

(၁)

"တံတားအပြီး ကားတစ်စီးဆိုတဲ့ အင်ဂျင်နီယာမှူးကြီးကို လင်လုပ်ထားမှတော့ ဒီကောင်မ မပြောင်ရောင်၊ ဘယ်သူပြောင်ရောင်တော့မတုံးအေ. . . အရင်က ဖရဲသီးစိတ်သည် ရွှေစင်နဲ့ အခုရွှေစင် တူတော့လို့လား။ မိုးနဲ့မြေ ကွာခြားနေပြီပဲဟာ"

ဖရဲသီးသည်အချင်းချင်း အစပိုင်းက အဲဒီလိုပြောထားကြတဲ့ကိစ္စဟာ အခုတော့ တစ်မျိုးတစ်မည်ပြောင်းဖို့ အခြေအနေကဖြစ်လာတယ်။ လက်ရှိလောလောဆယ်ဖြစ်နေတဲ့ ရွှေစင်ရဲ့အခြေအနေမှာ စောင့်ကြည့်ချင်သူတွေက ပေါ်နေတယ်ဆိုပေမဲ့ စောင့်ကြည့်ပုံစောင့်ကြည့်ခြင်း အခြေအနေမတူသလို စောင့်ကြည့်သူတွေရဲ့ စိတ်ဓာတ်တွေကလည်း ထပ်တူတော့ ကျ,မနေဘူးရယ်။

"ရွှေစင်ကတော့ ထောပြီပေါ့. . . ရေတံခါးပြီးလို့ အင်ဂျင်နီယာကြီးက သူ့ရပ်ရွာပြန်သွားရင်လည်း ရွှေစင့်အတွက် နစ်နာကြေးဆိုတာက နင့်ခနဲနေအောင် ရခဲ့မှာ"

ဒီလိုအတွေးတွေနဲ့ စောင့်ကြည့်နေတာကတစ်ဖွဲ့. . . ။

"အင်ဂျင်နီယာကြီးက ရွှေစင့်ကို ရန်ကုန်ကိုခေါ်သွားပြီး တရားဝင်မယားလုပ်မှာ တစ်သက်လုံးပေါင်းမှာတဲ့"

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီလိုအတွေးတွေရဲ့နောက်မှာ စောင့်ကြည့်ကြသူတွေက တစ်ဖွဲ့. . .။ နောက်ဆုံးတစ်ဖွဲ့ကျပြန်တော့. . .။

"အမယ်လေး. . . လူတွေများ လိုသလိုဆွဲတွေးနေလိုက်ကြတာ။ ရွှေစင့်ကိုပဲ အင်ဂျင်နီယာကြီးက ရန်ကုန်ခေါ်ပြီး မယားလုပ်ဦးမှာ၊ ဒါမှမဟုတ် ရွှေစင့်ကို ဒီမှာပဲ ကောင်းရောင်းကောင်းဝယ်လုပ်စားဖို့ အရင်းအနှီးအလုံအလောက် ပေးထားခဲ့ဦးမှာနဲ့။ ပြောနေလိုက်ကြတာများ ကော့လို့ ပျံလို့။ တော်ကောက်ခံရမှ မိဖုရားဖြစ်တာဟဲ့။ တော်ကောက်တာ မဟုတ်လို့ကတော့ ကိုယ်လုပ်တော်အဆင့်တောင် ရောက်မှာမဟုတ်ဘူး။ ဆင့်ဟိုဒင်းခွေးမျှော်သလိုဖြစ်တာပဲ အဖတ်တင်မယ်။ ဟိုက အင်ဂျင်နီယာကြီးကဖြင့် တစ်ရွာရောက်ရင် ဘယ်နှကျည်ဆောက်နေသလဲတောင် မသိဘူး။ အခု ရွှေစင်ကဖြင့် ငါကြားတာတော့ ရွာလူကြီးအကူအညီနဲ့ နစ်နာကြေးရဖို့တောင် ညှိနေတယ်ဆိုလား"

ဘယ်ကဘယ်လို ထွက်လာမှန်းမသိတဲ့ စကားဟာ ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ လူစိတ်ဝင်စားစရာသတင်းတော့ ဖြစ်သွားတာပါပဲ။ အဲဒီစကားကိုမယုံတဲ့သူတွေက ရွှေစင့်အကြောင်း စုံစမ်းကြည့်ပြန်တော့လည်း ရွှေစင်က ရွာဥက္ကဋ္ဌအိမ်ကို ခဏခဏဝင်ထွက်နေတာ ဟုတ်နေပြန်တယ်။ ရွာဥက္ကဋ္ဌဆိုတာကလည်း ဒီရွာရဲ့ ငယ်မွေးခြံပေါက် ရွှေစင်နဲ့၊ ဒီရွာနားမှာ ရေတံခါးလာဆောက်တဲ့ အဖွဲ့ထဲက အင်ဂျင်နီယာမှူးကြီးတို့ရဲ့ ဖြစ်ကြောင်းကုန်စင်ကို သိထားတဲ့သူလည်းဖြစ်ပြန်တော့ စောစောက ကြားခဲ့ရတဲ့စကားက ဟုတ်များဟုတ်နေမလားလို့ တွေးထင်ကြသူတွေ ရှိနေတာကလည်း မဆန်းပါဘူး။

ဘာပဲပြောပြော အခုရက်ပိုင်းလေးအတွင်းမှာတော့ ရွှေစင်နဲ့ အင်ဂျင်နီယာမှူးကြီးတို့ရဲ့ သတင်းတွေနဲ့ ရွာကလေးဟာ အသက်ဝင်နေသလို၊ နတ်စင်နဲ့ ရွာလယ်ဇရပ်ပါ ရောပြီးရေကြည့်ပါမှ လက်ချောင်းရေငါးဆယ်တောင် မပြည့်ချင်တဲ့ ရွာကလေးဟာ ထွက်လာတဲ့သတင်းစကားသံတွေရဲ့ နောက်ခံနဲ့ သရိုးဒီရုပ်ရှင်ကားတစ်ကားလို ရုပ်လုံးတောင်ကြွနေသလိုလို. . .။

□

(၂)

ဒီရွာကလေးဟာ အခုခေတ်အခေါ် အရ ရန်ကုန်တိုင်းဒေသကြီးလို့ခေါ်ရတဲ့ ရန်ကုန်တိုင်းရဲ့ အရှေ့ပိုင်းမြို့နယ်ထဲက တစ်မြို့နယ်ရဲ့ နယ်နိမိတ်ထဲမှာရှိတဲ့ ရွာ

ငယ်ကလေး တစ်ရွာပါပဲ။ ရွာကလေးက မိုးတွင်းဘက် စပါးစိုက်၊ နွေဘက်ပဲစိုက် ဆိုတဲ့သီအိုရီထဲမှာ လုံးလည်ချာလည်လိုက်နေတဲ့ ရွာကလေးပါပဲ။ နွေဘက်မှာ ပဲမစိုက်ချင်ရင် ခရမ်းချဉ်သီးစိုက်ပေါ့။ အဆင်ပြေတဲ့နှစ်မှာ 'ငါတို့လယ်သမား ဒီမှာကြည့် အထောသား၊ ရွှေတွေငွေတွေ ဟိုမှာပုံထား'လို့ ကျော်ဟိန်းရဲ့အသံနဲ့ ပြောရင် ရမှာဖြစ်ပေမယ့် ခရမ်းချဉ်သီးစိုက်ပြီး အိတ်စပို့ကမရှိ၊ ဝယ်သူနတ္ထိဆိုတဲ့ နှစ်လိုဖြစ်လို့ကတော့ ဝက်ဝက်ကိုကွဲကရောဆိုတာထက် ဆိုးနေသေး။ ရွာကလေး မှာက ဘာတန်းညာတန်းဆိုတာ မရှိလို့။ ရှိများရှိလို့ကတော့ အတန်းမှာ တိုကင်နဲ့ တောင် တန်းစီနေရဦးမယ့်အဖြစ်။

*'ဆီကိုရေချိုး xxx ဆေးရိုးမီးလှုံ၊ စပါးတောင်လိုပုံ'*ဆိုတာက သီချင်းထဲမှာ သာ ဆိုလို့ကောင်းတာရယ်။ ဒီသီချင်းကို သေချာမဆန်းစစ်ဘဲ သာမန်ကာလျှံကာ ဆိုကြည့်လို့ကတော့ အဟုတ်ပေါ့။ တကယ်တမ်းများလည်း တွေးကြည့်ကြပါဦး။ ဆီကိုရေချိုးပြီး စပါးတွေ တောင်လိုပုံနေပါတယ်ဆိုတဲ့ အဖြစ်ဟာ ဝယ်သူမဲ့တဲ့အဖြစ်ပဲ။ ရန်ကုန်ဘက်က အိတ်စပို့ပဲ့ဆိုတဲ့ အသံလေးတွေ လှိုင်လှိုင်ကြားရရင်သာ စပါး ပွဲစား၊ ဆန်ပွဲစား၊ ဘာပွဲစား၊ ညာပွဲစားတွေဆိုတာ ရွာကလေးမှာ ဆိုင်ကယ် တဖုံးဖုံးနဲ့ ခြေရှုပ်နေကြတာလေ။ အဲ. . . ဘာအိတ်စပို့မှ မရှိတဲ့နှစ်ဆိုလို့ကတော့ စိုက်ထားတဲ့ ခရမ်းချဉ်ခင်းထဲက ခရမ်းချဉ်သီးတွေဆိုတာက ပွင့်ချိန်တန်ပွင့်၊ သီးချိန်တန်သီးရုံမက မှည့်ချိန်တန်မှည့်၊ ကြွေချိန်တန်ကြွေ၊ ပုပ်ချိန်တန်ပုပ်သွားလိုက်တာ တစ်ကွင်းလုံးကို နံနံကိုစော်နေလို့ လယ်ကန်သင်းရိုးကတောင် ဖြတ်လျှောက် သွားလို့ မရတဲ့အဖြစ်။

'ခရမ်းချဉ်သီးခင်းနားကိုရောက်ပြီး ခရမ်းချဉ်သီး ခူးမသွားတဲ့သူတွေ မြွေပွေး ကိုက်ပါစေ'

တချို့များဆိုရင် အလကားပေးလို့တောင် ယူမယ့်သူမရှိတဲ့ ခရမ်းချဉ်သီး ခင်းရဲ့ ကန်သင်းရိုးတွေမှာ အဲဒီလိုစာတမ်းတွေကိုတောင် ရေးထားသေးတာ။

ပြီးခဲ့တဲ့နှစ်ကလည်း ဒီရွာတွေဘက်မှာ စပါးတွေ တောင်လိုပုံကုန်တာ မိုး ရွာလို့ အုပ်စရာ တာလပတ်တောင် မလောက်နိုင်ဘူး။ တောင်လိုပုံကုန်တာလည်း မပြောနဲ့ဦး။ မနှစ်က စပါးသိမ်းချိန် ရွာချလိုက်တဲ့မိုးဟာ အချိန်မဟုတ် အခါမဟုတ် ဆိုတာထက်တောင် ဆိုးသေး။ ဒီနှစ် ဒီဇင်ဘာလဆန်းပိုင်းမှာ ဆောင်းဝင်ပြီး အရင် နှစ်တွေကထက် အအေးပိုမယ်လို့ မြန်မာနိုင်ငံ မိုးလေဝသပညာရှင်တွေ ခန့်မှန်းပြီး ဘာကြာတုန်း။ ဆောင်းဆိုတာက ဘယ်ဂူတွင်းထဲ သွားအောင်းနေမှန်းမသိဘဲ ကိုရွှေမိုးက ဒီဇင်ဘာနဲ့ နှစ်ပါးပြိုင်ကလိုက်တာ လယ်သမားတွေဆိုတာက ပင်လယ်

mgyoe.com

mgyoe.com SAMPLE BOOK

ပြင်ထဲ လက်ပစ်မကူးရရုံတစ်မယ်။

မိုးလေဝသကတော့ ပြောင်းပြီးကြေညာရှာပါရဲ့။ ဘင်္ဂလားပင်လယ်အော် အခြေအနေကတော့ ခန့်မှန်းသလို ဖြစ်မြဲအတိုင်း ဖြစ်နေပါသတဲ့။ တောင်တရုတ်ပင်လယ်ပြင်မှာ မထင်မှတ်ဘဲဖြစ်လာတဲ့ တီနာလား၊ လီဆာလားမသိတဲ့ မုန်တိုင်းကြောင့်သာ မိုးတွေအဆက်မပြတ် ရွာရတာပါတဲ့။ ကွယ်လွန်သွားပြီဖြစ်တဲ့ ကောလိပ်ဂျင်ကြီးရဲ့ အသံကို ခဏယူပြီးပြောရရင် 'မည်သို့ပင်ဆိုစေကာမူ'ပေါ့။ ကဲ. . . အဲဒီတော့ ဒူးလယ်ပေါင်လယ် ရေတွေထဲမှာ ပေါလောပေါ်ကုန်တဲ့ ကောက်လှိုင်းတွေကို လိုက်ဆယ်။ ချွေလှေ့လုပ်လိုက်ပြီးသကာလ စပါးတွေဆိုတာက တောင်လိုပုံကုန်ကရောလေ။

စပါးရွှေဝါ တောင်လိုပုံရင်သာ အဆင်ချောလေမယ့်ကိစ္စမှာ မိုးမိ၊ ရေနစ်လို့ ချောကလက်ရောင်ဖြစ်နေတဲ့ စပါးချောကလက်တွေ တောင်လိုပုံတော့ တောင်လိုပုံနေတဲ့ စပါးပုံကြီးကိုကြည့်ပြီး တောင်သူလယ်သမားတွေမှာ ငိုချင်းရှည်တောင် မချနိုင်ကြတော့ဘူး။ အလုပ်ကလည်းမအားတော့ အဟီး. . . ဆိုတာမျိုး ငိုချင်းတိုနဲ့ပဲ ခပ်လွယ်လွယ် ပွဲသိမ်းပစ်ရတော့တာ။

အဲဒီနှစ်မှာပဲ ဒီရေကာတာကြီး တည်ဆောက်မယ့်ကိစ္စက ရုတ်ခြည်းဆိုသလို ဖြစ်လာရော။ ရွာကလေးဘက်ကို ဖွဲ့ဝင်ဖြာစီးတဲ့ ချောင်းမငယ့်တငယ်လေးကရှိတော့ အဲဒီချောင်းဝကို ရေကာတာကြီးလုပ်လို့ ရေလွှဲဆည်လေးတစ်ခုဆောက်ဖို့ စီမံကိန်းက ဖြစ်လာကရော။ စီမံကိန်းတစ်ခုလုံးရဲ့ထုံးစံ၊ အဲဒီစီမံကိန်းဇရိယာနဲ့ မလွတ်တဲ့ လယ်မြေတွေ၊ ဘာမြေညာမြေ၊ သချိုင်းက မဖဲဝါရဲ့မြေပါမကျန် သိမ်းပေါ့။ အဲဒီအချိန်မှာ ဆန္ဒထုတ်ဖော်ပွဲတွေ ဘာတွေကလည်း အခုလိုခေတ်စားသေးတာရယ်မဟုတ်တော့ လယ်မြေအသိမ်းခံရတဲ့ လယ်သမားတွေဆိုတာကလည်း ထွက်ချင်နေတဲ့အသံကို အိမ်ရှေ့မှာတောင် မထွက်ရဲလို့ ခြင်ထောင်ထဲကျမှ တိတ်တိတ်ထွက်ကြရတဲ့အဖြစ်။

ဘာပဲဖြစ်ဖြစ်. . . ချောင်းဝမှာ ရေတံခါးစီမံကိန်းကြီးဖြစ်လာတော့ လယ်အသိမ်းခံကြရတဲ့သူတွေအတွက် နစ်နာမှုတွေက ကိုရီးယားကားလို တသီတတန်းကြီး အခန်းဆက်ဖြစ်ကုန်ပေမယ့် ရွာထဲအရပ်ထဲက ရွှေစင်တို့လို အလုပ်အကိုင်မရှိလတ်လျားလတ်လျားဖြစ်နေတဲ့ ကောင်မလေးတွေအတွက်ကတော့ စီမံကိန်းကြီးဟာ ထမင်းအိုးကြီးတစ်အိုး ဖြစ်လာခဲ့တယ်။

❑

mgyoe.com

(၃)

ရွှေစင်ရဲ့နာမည်အရင်းက ယမင်းရွှေစင်။ တောသူဖြစ်ပြီး နာမည်ကညွှန့်ကွန့်လှချေလား။ ဘယ်လိုမိဘတွေကများ ဒီလိုနာမည်မျိုး ပေးထားကြသလဲဆိုရင်တော့ အဖြေက ရှင်းရဲ့။ ဒီရွာဘက်တွေမှာ ရှေးအစဉ်အဆက်ဆက်ကတည်းက စပါးသိမ်း၊ ပဲသိမ်းပြီးတဲ့ နွေရာသီရောက်ရင် ရွာစဉ်ရွာဆက် ဇာတ်ပွဲ၊ အငြိမ့်ပွဲတွေ ထည့်ကြတာ ထုံးစံပဲ။ အဲဒီတော့ ဒီရွာဘက်တွေမှာ လာကပြကြရတဲ့ မင်းသမီးတွေရဲ့ ထူးထွေဆန်းပြား နာမည်များဟာ ရွာကလေးအတွက် လက်ဆောင်အဖြစ် ခေတ်အဆက်ဆက်မှာကတည်းက ကျန်ခဲ့တော့တာ။

ဝင့်ဇာခြည်တဲ့။ ချယ်ရီသင်းတဲ့။ ဒေါင်းမလေးတဲ့။ စတဲ့. . . စတဲ့နာမည်ပိုင်ရှင် ကောင်မလေးတွေဆိုတာလည်း ဒီရွာမှာ ရွှေစင်နဲ့အပြိုင် အပြိုင်းအရိုင်း ရှိနေတာပါပဲ။

ရွှေစင်က အသက် ၂၀ ဆိုပေမယ့် မုဆိုးမဖြစ်ခဲ့တာက တစ်နှစ်ကျော်ပြီ။ ရွှေစင့်မှာက မျက်ရည်ခံမှ ဘာမှဲ့ညာမှဲ့ဆိုတာ မပါပေမယ့် သူ့ရဲ့ယောကျ်ား သိန်းတန်ကတော့ ရွှေစင်နဲ့ယူပြီး ခြောက်လလောက် ပေါင်းရသေးတယ် မြွေပွေးကိုက်ပြီး သေပါလေရော။ ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်ခဲ့ရတဲ့ ရွှေစင်ဟာ ဖအေလည်း မရှိတော့ဘူးဆိုတော့ သူမရဲ့အမေ မုဆိုးမနဲ့ပေါင်းပြီး နှစ်မုဆိုးတစ်အိုးနဲ့ နေလာခဲ့တာ ကြာတောင်ကြာခဲ့ပြီ။

ရွှေစင်က မုဆိုးမသာဆိုတယ် သူ့မှာထူးခြားတာက ရွာကအပျိုတွေဖြစ်တဲ့ ဝင့်ဇာခြည်တို့၊ သဲစုနိုင်တို့၊ ချယ်ရီသင်းတို့ထက်တောင်သာတဲ့ ကိုယ်လုံးကိုယ်ထည်ရှိတယ်။ မျက်လုံးမျက်ဖန်က သာမန်ထက် သိပ်ပြီးမထူးခြားလှပေမယ့် လှပတောင့်တင်းတဲ့ ကိုယ်လုံးကိုယ်ထည်နဲ့ လိုက်ဖက်တဲ့ အသားအရည်ရှိတယ်။ ပြောရမယ်ဆိုရင်တော့ ဒီနှစ်အကယ်ဒမီရသွားတဲ့ မင်းသမီး မယ်လိုဒီလိုဆိုဒ်မျိုး။

ရွှေစင်တို့အဖွဲ့တွေက ကြက်ဥပြုတ်၊ ဘဲဥပြုတ်၊ မာလကာသီး၊ ဖရဲသီးတွေကအစ တစ်နေ့တစ်မျိုး မရိုးရအောင် ဗန်းငယ်လေးတွေ အသွယ်သွယ်နဲ့ထည့်လို့ စောစောက ရေတံခါးဆောက်တဲ့ဆိုဒ်ထဲကို ဈေးရောင်းထွက်တယ်။ ဆိုဒ်ထဲမှာဆိုတာက အင်ဂျင်နီယာမှူးကြီးမှ အစပြုလို့ မြေသယ်ကျောက်သယ်၊ ပျံကျအလုပ်သမားတွေအထိ လူတွေက ရာနဲ့ချီပြီးရှိနေတာ။

လူတွေက ရာနဲ့ချီပြီးရှိနေသလို ပါးစပ်ပေါက်တွေကလည်း ရာနဲ့ချီပြီးရှိနေတာ။ တံခွန်မရှိတဲ့ဘုရား၊ အလံမရှိတဲ့ရထား. . . အဲဒါတွေကြောင့်ရယ်လည်း မဆို

mgyoe.com

mgyoe.com SAMPLE BOOK

သာပါဘူး။ အပျိုတွေအားလုံးထက်တောင် ချွန်ထွက်ပြီး လင်းလက်နေတဲ့ရွှေစင် ဟာ ပျံကျအလုပ်သမားတွေကအစ၊ မြေတိုင်းစာရေး ဘာညာတွေအဆုံး၊ နောက် ကွယ်ရာမှာ တီးတိုးတီးတိုး ပြောစရာလေးက ဖြစ်လာတယ်။

တီးတိုးတီးတိုးပြောတာက အဆန်းတကြယ်မဟုတ်ပေမယ့် ရွှေစင့်နားကို ပေါက်ကြားအောင်ပြောလိုက်တဲ့ အငယ်တန်း မြေတိုင်းစာရေးလေးရဲ့ စကားအဆုံး မှာတော့ ဆတ်ဆတ်ထိမခံတတ်တဲ့ ရွှေစင်ဟာ အင်ဂျင်နီယာမှူးကြီးရုံးခန်းကို ရောက်တော့တာပါပဲ။

"ဦးလေးကြီးရဲ့လူတွေက လူကို မုဆိုးမဆိုပြီး ထိချင်၊ ရိချင်၊ ကလိချင်တာ လား။ ကလိချင်ကြရင်လည်း ကိုယ့်ဟာကိုယ်ကလိကြ။ ရွှေစင်တဲ့ တစ်ရွှေ စင်တည်း ရှိတယ်။ လင်ဆိုတာ ထပ်မယူချင်သေးလို့၊ ပြီးတော့ သူတို့လောက် အဆင့်လေးတွေကို လင်မလုပ်ချင်သေးလို့။ ဦးလေးကြီးလူတွေကို ထိန်း သိမ်းထားပေးပါ"

အင်ဂျင်နီယာမှူးကြီးရဲ့ ရုံးခန်းထဲအထိဝင်ပြီး တိုင်ချက်ဖွင့်တဲ့ ရွှေစင်ရဲ့ စကားတွေထဲမှာကိုက အားလုံးပါကုန်တာ။ နောက်ပိုင်းမှာ ထစ်ခနဲရှိ အင်ဂျင်နီယာ မှူးကြီး ရုံးခန်းထဲကိုဝင်ပြီးတိုင်၊ ခဏခဏတိုင်တန်းလာတော့ အလုပ်သမားတွေ ဟာ အင်ဂျင်နီယာမှူးကြီးရဲ့ အပြစ်ပေးခြင်းလည်း မခံကြရတဲ့အခါ ရွှေစင့်ကိုမြင် ရင် စလိုက် နောက်လိုက်ရမှုပဲ ကျေနပ်တင်းတိမ်သွားရသလို၊ 'ဟောင်လွန်းသော ခွေး လူမလေး'ဆိုတာကိုလည်း မသိရှာတဲ့ရွှေစင်ကတော့ ထစ်ခနဲရှိ အင်ဂျင်နီယာ မှူးကြီးရဲ့ ရုံးခန်းထဲကို ဝင်မြဲပါပဲ။ အဲဒီအချိန်မှာ အင်ဂျင်နီယာမှူးကြီးကလည်း ဒီကောင်မလေး အတော်လက်ရဲဇက်ရဲနိုင်လှတယ်ဆိုတဲ့ မှတ်ချက်ငွေ့ငွေ့လေးကို ချလို့ ကွယ်ရာမှာတော့ တဟဲဟဲပါပဲ။

"ဥက္ကဋ္ဌကြီး. . . ခင်ဗျားတို့ရွာက ရွှေစင်ဆိုတဲ့ကောင်မလေးက ဘယ်လို လေးလဲဗျ။ တစိတ်ရှိ ကျွန်တော့်အခန်းကိုဝင်ပြီး အတိုင်အကြောထူနေ တော့တာပဲ. . . ဘာဖြစ်ချင်တာလဲကို မသိတော့ဘူး"

"လင်လိုချင်လို့နေမှာပေါ့. . . အင်ဂျင်နီယာမှူးကြီးရဲ့"

ဘွဲ့ရမှ ဥက္ကဋ္ဌဖြစ်ရမယ်ဆိုတဲ့ ခေတ်ကလေးက ဒီရွာတွေဘက်မှာ တစ် ခေတ်ဖြစ်လိုက်သေးပေမယ့် အဲဒီအခါကတည်းက ဘယ်လိုဘယ်လို ဘာအကပ် တွေနဲ့ ဥက္ကဋ္ဌဖြစ်လာတယ် မသိပါဘူး။ ဒီရွာရဲ့ဥက္ကဋ္ဌကတော့ ဘွဲ့ရတစ်ယောက် လည်း မဟုတ်ရှာပါဘူး။ ပညာကြီး၊ ဉာဏ်ကြီးသလို၊ တဏှာလည်းကြီးလေတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

အင်ဂျင်နီယာကြီးရဲ့စကားကို ရွာရဲ့ဥက္ကဋ္ဌပြန်ဖြေတဲ့အဖြေ မှန်မမှန် ချက်ချင်းစဉ်းစားရင် ရနိုင်မှာမဟုတ်ပေမယ့် စကားနောက် တရားပါဆိုသလိုပဲ ဖြစ်သွားခဲ့တယ်။

နေ့ခင်းဘက်တွေမှာ ရေတံခါးတည်ဆောက်ရေး စီမံကိန်းကြီးမှာ ဖရဲသီးစိတ် လာရောင်းတတ်တဲ့ ရွှေစင်ကို နောက်ပိုင်းမှာ နေ့ခင်းပိုင်းတွေ မတွေ့ရသလောက်နည်းပါးသွားပြီး ညဘက်မှာသာ ရေတံခါးတည်ဆောက်ရေးဘက်မှာ ရွှေစင့်ကိုတွေ့ရတယ်ဆိုတဲ့စကားက တစ်စွန်းတစ်စ ထွက်လာတယ်။ ပြောရရင်တော့ ဒီစကားထွက်လာတဲ့ မူရင်းပိုင်ရှင်ဟာ ရွာဥက္ကဋ္ဌပါပဲ။ ညဦးပိုင်း တချို့ညတွေမှာ စီမံကိန်းနဲ့ပတ်သက်လို့ ရွာရဲ့သာရေးနာရေးတွေနဲ့ ပတ်သက်လို့ ရွာဥက္ကဋ္ဌဟာ ရေတံခါးစီမံကိန်းမှာ အဆောက်အဦငယ်လေးတွေဆောက်ပြီး ယာယီနေထိုင်နေတဲ့ အင်ဂျင်နီယာမှူးကြီးရဲ့ ရုံးခန်းကိုသွားနေရတယ်ဆိုတော့ ဒီကိစ္စကို ရွာဥက္ကဋ္ဌကစပြီးသိတာလည်း မထူးဆန်းပါဘူး။ ထူးဆန်းတာက ရွာဥက္ကဋ္ဌဟာ သူသိထားတဲ့ အင်ဂျင်နီယာမှူးကြီးနဲ့ ရွှေစင်တို့ရဲ့အကြောင်းကို ရွာလူကြီးတစ်ယောက်အနေနဲ့ ဖုံးတန်ဖုံး ဖိတန်ဖိပေးထားရမယ့်ကိစ္စမှာ သူကိုယ်တိုင် ပါးစပ်ဖွာနေတော့တာပါပဲ။

အဝတ်အစား အသုံးအဆောင်လေးတွေသာမက ရွှေတိုရွှေစလေးပါ နားမှာတွေ့လာရတဲ့ ရွှေစင့်ကို ဥက္ကဋ္ဌမပြောလည်း တော်တော်များများသော လူတွေကတော့ သိနေကြတာပါပဲ။ ဒီလိုနဲ့ ရေတံခါးဆောက်တဲ့ စီမံကိန်းကြီးက ပြီးဖို့ တဖြည်းဖြည်းနီးလာတော့တာ။ အဲဒီလိုနီးလာတဲ့ အချိန်မှာပဲ ရွှေစင်နဲ့ပတ်သက်လို့ စောစောကကြားခဲ့ရတဲ့ အသံတွေကလည်း အစီအရီကို ထွက်ပေါ်လာတော့တာ။

❑

(၄)

"ဥက္ကဋ္ဌကတော့ ရွှေစင်နဲ့ပေါင်းပြီး အင်ဂျင်နီယာမှူးကြီးဆီက ငွေညှစ်ပြီနဲ့ တူတယ်ကွ။ နဂိုကတည်းက အဲဒီလိုလုပ်ချင်လို့ အင်ဂျင်နီယာကြီးကို ဥက္ကဋ္ဌက ချုပ်နေတာလေ။ မမြင်ဘူးလား"

ဘယ်ကဘယ်လို ထွက်လာမှန်းမသိတဲ့ ဒီစကားဟာ ပါးစပ်ပေါက်သုံးခုလောက်နဲ့ နားခြောက်ပေါက်လောက်ကို ဖြတ်သန်းပြီးသကာလ အတည်လိုလိုဘာလိုလို ဖြစ်သွားတယ်။ ဒီစကားမှန်၊ မမှန် သိချင်ကြတဲ့သူတွေကတော့ ရွှေစင်တို့အိမ်ကိုတောင် သူ့ထက်ငါ အပြေးအလွှား ပြေးကြည့်ကြလို့။ တချို့ကျတော့ ပေါ်တင်ကြီးစပ်စုလို့ မကောင်းတော့ ရွှေစင်တို့အိမ်နောက်ဘက်က စည်းရိုးမှာ တစ်ပင်လုံးဖြာအောင် နုနေတဲ့ မန်ကျည်းပင်ကြီးက မန်ကျည်းရွက်တွေကိုပဲ ခူး

mgyoe.com

ခူးကြတဲ့ဟန်နဲ့ ရွှေစင့်အကြောင်းကို စပ်စုနေကြတယ်။ အဲဒီလို မန်ကျည်းရွက်ဝင်ခူးချင်ယောင်ဆောင်နေတဲ့သူ တချို့ကြောင့်ပဲ ညနေနေဝင်ရီတရော နွားရိုင်းသွင်းချိန်လေးမှာ ဥက္ကဋ္ဌက ရွှေစင့်ကို လက်ဟန်ခြေဟန်နဲ့ပြပြီး ရေတံခါးဘက်ကိုလာခဲ့ဖို့ ပြောလိုက်တာကို လူတော်တော်များများက သိသွားတော့တာ။ ရေတံခါးက အင်ဂျင်နီယာရုံးခန်းအထိ လိုက်ချောင်းကြတဲ့ လူတွေရဲ့အမြင်အရတော့. . . ။

အဲဒီနေ့ည ကိုးနာရီမထိုးတထိုးလောက်မှာပေါ့။ အင်ဂျင်နီယာမှူးကြီးရဲ့ရုံးခန်းထဲမှာ အင်ဂျင်နီယာမှူးကြီးက တည်ငြိမ်အေးဆေးစွာနဲ့ ကုလားထိုင်မှာထိုင်လို့။ ရွှေစင်ကလည်း သူ့ရှေ့က မလှမ်းမကမ်း ထိုင်ခုံတစ်ခုပေါ်မှာ မလှုပ်မယှက်ငုတ်တုတ်။ မျက်လွှာလေးများတောင် ချထားလိုက်သေး။ အဲ. . . သူတို့နှစ်ယောက်နဲ့ ဆန့်ကျင်စွာ လှုပ်ရှားနေသူတစ်ဦးကတော့ ရှိနေတယ်။ ဘယ်သူရှိရမလဲ။ ဒီရွာကလေးရဲ့မဏ္ဍိုင် ဥက္ကဋ္ဌကြီးလေ။ သူပြောလိုက်တဲ့စကားကြောင့်ပဲ လိုက်ချောင်းကြတဲ့ ရွာထဲကလူတချို့ဟာလည်း ရွှေစင်တို့ရဲ့အခြေအနေကို သေသေချာချာသဘောပေါက်သွားတော့တယ်။

"နင်စဉ်းစား ရွှေစင်. . . နင်ပြောသလို ဒီကအင်ဂျင်နီယာကြီးနဲ့ ရန်ကုန်အထိ လိုက်သွားဖို့ဆိုတာကတော့ ဘယ်လိုလုပ်ဖြစ်နိုင်မှာတဲ့လဲ. . . အင်ဂျင်နီယာကြီးက ငါ့ကိုလည်း မုန့်ဖိုးတွေပေးသလို ရွာအတွက်လည်း အလှူငွေထည့်ခဲ့တယ်။ ပြီးတော့ နင့်ကိုလည်း လောလောဆယ်အတွက် မုန့်ဖိုးတွေ နင့်နေအောင်ပေးခဲ့တာပဲဥစ္စာ။ ပြီးတော့ အင်ဂျင်နီယာကြီးပြောတာရှင်းရှင်းလေး။ နင်သိပ်တုံး၊ သိပ်အ,မနေနဲ့၊ ဒီရွာမှာ အခု ရေတံခါးစီမံကိန်းပြီးသွားပေမယ့် နောက်လမှာ လျှပ်စစ်စီမံကိန်းစတော့မယ်တဲ့။ အဲဒီစီမံကိန်းမှာ တာဝန်ကျတဲ့ အင်ဂျင်နီယာကြီးဆိုတာကလည်း ဒီအင်ဂျင်နီယာကြီးရဲ့သူငယ်ချင်း အရင်းခေါက်ခေါက်. . . စိတ်တူကိုယ်တူတဲ့။ နင့်အကြောင်းကိုလည်း နောက်ထပ် အင်ဂျင်နီယာကြီးကို ဒီအင်ဂျင်နီယာကြီးက ပြောပေးထားမယ်ဆိုတဲ့ဥစ္စာဟာ. . . နင့်အတွက် ဘာလိုသေးလဲ ရွှေစင်ရယ်. . . ကဲ"

*မတ် ၂၀၁၃၊ ပေဖူးလွှာမဂ္ဂဇင်း။*

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com



# မင်းဝေဟင်

## မေယုမြင်းမိုရ်...ထိုထိုအလင်္ကာ

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မေယုမြင်းမိုရ်...ထိုထိုအလင်္ကာ

(၁)

ဝန်းကျင်၌ အလင်းအကြွင်းအကျန်တို့သည်ပင် မရှိတော့။ အမှောင်ရင့်ရင့်တို့က တစ်ကျော့ပြန် အနိုင်ယူသွားပြန်သည်မို့ အိမ်ကလေးထဲမှ နှစ်ပေမီးချောင်းငယ်ကလေး၏ အလင်းပျပျသည် ဝန်းကျင်သို့ စူးရဲစွာ တိုးဝင်ထိုးဖောက်၍ ထွက်မနေနိုင်ခဲ့။ အိမ်ကလေးထဲမှ အလင်းရောင်က မည်မျှမှမဝေးလေသည့် ရွာလမ်းမလေးဆီသို့ပင် ရောက်အောင်ဖြာမကျနိုင်။ မှုန်တိမှုန်မွှား။

ရွာထဲမှ ကိုယ်ထူကိုယ်ထမီးစက်ဖြင့် တစ်အိမ်လျှင် နှစ်ပေမီးချောင်း တစ်ချောင်းခန့် ထွန်းခွင့်ရသည့်အတွက် အိမ်ကလေးထဲတွင် အလင်းရောင်တို့ မစို့မပို့ရနေသော်ငြား အလင်းတို့က မှေးမှိန်ဖျော့တော့စွာ။ တစ်ချက်တစ်ချက် အမေဖွာရှိုက်လိုက်သည့် ဆေးလိပ်မီးမှ မီးညွန့်ရဲရဲလေးသည်ပင် နှစ်ပေမီးချောင်းအလင်းထက် ပို၍လက်ဖြာနေသယောင်။ အဒေါ်ကတော့ဖြင့် အမေ၏ဘေး မလှမ်းမကမ်းရှိ အိမ်ကလေး၏ လက်ခံတိုင်အားအမှီပြုကာ မနက်ဖြန်မနက် ချက်ပြုတ်ရန်အတွက် မီးရောင်မှိန်မှိန်အောက်၌ ဆန်ထဲမှ စပါးလုံးတချို့ကို ရွေးထုတ်နေသည်။

ဆန်ကောထဲမှဆန်အား အဒေါ်၏လက်ဖြင့် စုန်ဆန်ခတ်လိုက်သည့်အတွက် ထွက်လာသည့် ဗျင်းဗျင်းအသံတို့မှလွဲလျက် အိမ်ကလေးသည် တိတ်ဆိတ်လျက်။ သူကတော့ အမေ၊ အဒေါ်တို့နှင့် မလှမ်းမကမ်း ဟိုမှာဘက်မှာ အိပ်လျက်အနေ

mgyoe.com

mgyoe.com SAMPLE BOOK

အထားနှင့် ပက်လက်။

ညသည် တဖြည်းဖြည်းနှင့် သူ့ပင်ကိုအလှကို ရင့်ရော်လာဖို့ အားထုတ်လေပြီ။ ထွန်းထားသည့် နှစ်ပေမီးချောင်းလေးသည်ပင် ငြိမ်းသွားပြီ။ မီးချောင်း၏ အလင်းရောင်အစား ဖယောင်းတိုင်လေး၏ အလင်းရောင်က အိမ်ကလေးထဲတွင် နေရာယူသွားပြီ။ ဆန်ရွှေးနေသည့် အဒေါ်သည်လည်း အလုပ်သိမ်းသွားပြီ။ သူကား စောစောကအတိုင်း။ အမေသည်လည်း စောစောကအတိုင်း ဆေးလိပ်ကို တွင်တွင်ဖွာနေလျက်။ အမေ၏ ဆေးလိပ်မှထွက်နေသည့် မီးညွန့်တို့က ဝန်းကျင်သို့ ရဲခနဲ ဖြာထွက်နေလျက်။

"ကွန်ဗလိုင်. . . ရွာအိမ်ကို ငါ့သားပြန်လာတာကလည်း ရောက်တဲ့ညနဲ့ ပြန်တဲ့ညပါ ထည့်ပြီးရေကြည့်မှ ငါးရက်မပြည့်ချင်ဘူး"

သူက သိန်းဂဏန်းပင်မပြည့်တတ်သည့် ငွေစက္ကူအချို့အား စာအိတ်ဖြူလေးထဲသို့ ထည့်၍ အမေ့အားပေးကာ တစ်ဆက်တည်း ကုန်းကန်တော့သည်၌ အမေ့နှုတ်မှ အသံတချို့ထွက်လာသည်။ သူ့အား စူးစူးရဲရဲစိုက်ကြည့်သည်မှလွဲ၍ ဆုပေးခြင်းအလုပ်အား အမေမလုပ်။ တစ်နှစ်တစ်ခေါက် အမေ့ရွာသို့ ရောက်လေတိုင်း ရန်ကုန်သို့ပြန်မည့် ယခုလိုညမျိုး၌ အမေ့ဆီမှ ထိုထိုစကားမျိုးက ကြားရမြဲဖြစ်သည်။ အမေ့စကားသံအား ကြားသည့်အချိန် ခဏအတွင်းမှာတော့ အမေ့ရွာကို ယခုလိုအချိန်ရောက်မှ တစ်နှစ်တစ်ခေါက်သာ ပြန်မည့်အစား၊ သီတင်းကျွတ်လို၊ တန်ဆောင်တိုင်လို အလုပ်ပိတ်ရက်မျိုး၌ တစ်ခေါက်တော့ ပြေးလာဦးမည်ဟု တွေးမိတတ်သော်လည်း အမှန်တကယ်တွင်မူ တစ်နှစ်တစ်ခေါက် အရောက်လာဖို့သည်ပင် အတော်ကြိုးစားရပြန်သည်။

သူ ရန်ကုန်မှာ အလုပ်လုပ်နေစဉ်ကာလအတွင်း လူပျိုဘဝကတော့ အမေ့ရွာသို့ တစ်နှစ်လျှင် သုံးခေါက်ခန့် ရောက်တတ်ခဲ့သေးသည်။ သို့သော် ယခုကဲ့သို့ အိမ်ထောင်ကျပြီး ငါးနှစ်ခန့်ရှိလာသည့်အခါတွင်တော့ အမေ့ရွာသို့ တစ်နှစ်တစ်ခေါက် ပြန်ရောက်ရန်ပင် မနည်းကြိုးစားရသည်။ သူ၏သားပင် လေးနှစ်သားအရွယ်သို့ရောက်ကာ မူကြိုထားနေရပြီ။

"ကွန်ဗလိုင်"

နှုတ်ခမ်းမှ ဆေးလိပ်ကိုခဏဖယ်ကာ အမေက သူ့ကိုလှမ်းခေါ် သော်ငြား အမေ့နှုတ်မှ ဘာစကားမှ ထွက်မကျလာပြန်ပါ။ ရဲခနဲဖြာထွက်လာသည့် အမေ့ဆေးလိပ်မီးရောင်တို့၏အောက်၌ အမေ့မျက်နှာမှာ မှိုင်းမှိုင်းမှုန်မှုန်။ အမေ၏ဆံစ

mgyoe.com

mgyoe.com SAMPLE BOOK

အချို့က အမေ့မျက်နှာပေါ်၌ မညီမညာ ဟိုတစ်စ သည်တစ်စ ဝဲကျလျက်။ နဂိုကတည်းက စကားနည်းသော အဒေါ်ကတော့ဖြင့် သူနှင့်အမေတို့၏ ခပ်လှမ်းလှမ်း၌ ငြိမ်သက်နေသည်။

"ကွန်ဗလိုင်"

အမေ့နှုတ်မှ ဒုတိယမြောက် အခေါ်စကားထွက်လေသည်။ သို့သော်. . . နောက်ဆက်တွဲစကားတို့အား အမေ့ဆီမှ မကြားရသေး။ "ဗျာ"ဟု သူ့နှုတ်မှထွက် စဉ်ခဏ အရေးအကြောင်းတို့ စွန်းထင်ကွက်ကြားနေပြီဖြစ်သော ဝါကျင့်ကျင့် အမေ့လက်ဖမိုးအိုအိုက သူ၏ခေါင်းပေါ် သို့ ဝဲကျလာသည်။ "ကွန်ဗလိုင်"ဟု အမေ့နှုတ်မှ နောက်တစ်ကြိမ် ထွက်လာပြန်သည်။ ကွန်ဗလိုင်ဆိုသည်က သူတို့မွန်ဘာသာအရ "သား. . . လူလေး"ဟု အဓိပ္ပာယ်ရလေသည့်စကား ဖြစ်သော်ငြား ကလေးငယ်တွေအားခေါ်သည့် စကားတစ်ခုသာဖြစ်သည်။ သို့သော် အမေကတော့ဖြင့် အသက်သုံးဆယ်ကျော်ပြီဖြစ်သည့် သူ့အား 'ကွန်ဗလိုင်'ဟုပင် တွင်တွင်ခေါ်မြဲ။

ပျော့တိပျော့ရွဲ အမေ့လက်ဖဝါးတစ်ဖက်က သူ၏ဆံနွယ်ခွေခွေထဲသို့ တိုးဝင်ယှက်နွယ်နေသည်။ အမေသို့လှမ်းကြည့်စဉ် အမေ့မျက်ဝန်းတို့က သူ့အား စိုက်ကြည့်မနေပြန်။ စူးရဲရဲ သိပ်သည်းသည်း အမှောင်ထဲသို့ပင် အမေ့အကြည့်တွေက တိုးဝင်ထိုးဖောက်နေသယောင်။ ပြီးနောက်. . . အမေ့နှုတ်မှ အသံတချို့က တစ်လုံးချင်းစီ ထွက်ကျလာသည်။

"ကွန်ဗလိုင်ရယ်. . . အမေဖြင့် ကွန်ဗလိုင်ရဲ့မိန်းမကို အရမ်းမုန်းတာပဲ"

"ဗျာ"

❑

(၂)

အမေသည် အစွဲကြီးသူဖြစ်သည်။

အမေနေထိုင်သည့်၊ အမေမွေးဖွားသည့်နေရာက မွန်ပြည်နယ် ဘီလူးကျွန်းပေါ်ရှိ ကွမ်ရိုက်ဆိုသည့် ရွာကလေးမှာမို့ အမေတစ်ယောက် ရှေးရိုးဆန်စွာ အစွဲကြီးနေသလား ဆိုပြန်တော့လည်း အဖြေကား မတိကျပြန်ပါ။ ရွာမှာက အစိုးရလျှပ်စစ်မီးမရသော်ငြား ကိုယ်ထူကိုယ်ထလျှပ်စစ်မီးဖြင့် လင်းနေပြီ။ ရွာမှာက အလယ်တန်းကျောင်းပင် ရှိနေသည်။ ရွာမှမဝေးလှသည့် ရွာလွတ်ဆိုသောရွာ၌ တိုက်နယ်ဆေးရုံရှိသည်။ လမ်းပန်းဆက်သွယ်ရေးကျပြန်တော့လည်း ဖြတ်သွားဖြတ်လာလမ်းများ မကောင်းလှသော်ငြား ဆိုင်ကယ်၊ ထော်လာဂျီတို့ဖြင့် လှမ်း

mgyoe.com

mgyoe.com

အလယ်မှာ စီစီရီရီ။ ရွာသည် ခေတ်မှီလှသည်ဟု မဆိုနိုင်သော်လည်း ခေတ်နောက်တွင် လုံးလုံးလျားလျား ပြတ်ကျန်ခဲ့သည့် ရွာတစ်ရွာတော့မဟုတ်ခဲ့။

သို့သော် အသက် ၆၀ ကျော် မွန်အမျိုးသမီးကြီး အမေကား ခေတ်နောက်ကျဆဲ။ ရှေးရိုးစွဲအယူအဆများအား ခြစ်ကုတ်ဖက်တွယ်ထားဆဲ။ တစ်ခါတရံ၌တော့ အမေ၏ ရှေးရိုးစွဲအယူအဆတို့အား ချစ်စရာဟုပင် သူက သတ်မှတ်ထားတတ်သေး၏။

"ကွန်ဗလိုင်. . . ကွန်ဗလိုင်က ဗုဒ္ဓဟူးသား၊ အဲဒါကြောင့် ဗုဒ္ဓဟူးနေ့မှာ ခေါင်းမညှပ်၊ ခေါင်းမလျှော်ရဘူး။ ရေလမ်းခရီး မသွားရဘူး။ ဘဝအတွက် အရေးကြီးတဲ့အလုပ်မှန်သမျှ ဘာတစ်ခုမှ အဲဒီနေ့မှာ စပြီးမလုပ်ရဘူး။ လုပ်ရင်လည်း လာဘ်ပိတ်တတ်တယ်"

ငယ်စဉ်ကတည်းက စွဲမြဲစွာ မှတ်လာခဲ့သောစကားများမို့ ထိုစကားများအပေါ်၌ ယုံကြည်မှုရာနှုန်း မပြည့်ခဲ့သည့်တိုင် ခေါင်းလျှော်ခြင်း၊ ခေါင်းညှပ်ခြင်းလောက်ကိုတော့ဖြင့် သူ့မသိစိတ်တို့က ယနေ့ထက်ထိတိုင် ရှောင်ရှားနေဖြစ်မြဲ။ သူ့အတွက်တော့ အမေ၏အယူအဆများအား ယုံကြည်မိခြင်းထက် အမေ့စကားကို နားထောင်ခြင်းတစ်ခုဖြင့်သာ မသိစိတ်ထဲက ထိန်းသိမ်းနေဖြစ်မြဲဖြစ်သည်။

"ကွန်ဗလိုင်. . . မြို့ကြီးပြကြီးမှာနေတာဆိုတော့ သူငယ်ချင်းတွေဘာတွေ ပေါင်းသင်းတာကအစ သတိထားပြီးပေါင်း။ သူငယ်ချင်းတွေရဲ့ အိမ်ဆိုတာကို ညအိပ်ညနေ မသွားမိစေနဲ့။ သူတို့ကျွေးတဲ့ အစားအစာတွေကိုလည်း မစားမိစေနဲ့"

ရန်ကုန်မှာ သူ စက်မှုကျောင်းသားအဖြစ် တက္ကသိုလ်တက်စဉ် အမေမှာသော ထိုစကားမျိုးကျတော့ သူ့အနေနှင့် ဆန့်ကျင်ရလေသည်။ အခြေအနေနှင့် အချိန်အခါတစ်ခု၏အောက်၌ တစ်ဦးတည်းသော သားဖြစ်သည့်သူက အမေ့စကားများအား ဆန့်ကျင်ရသည့်တိုင် ထိုဆန့်ကျင်မှုအား အမေမသိစေခဲ့ရ။

"ကွန်ဗလိုင်သိတဲ့အတိုင်း. . . အမေဆိုရင် သူငယ်ချင်းတောင် ကွမ်းစားကွမ်းကျွေး သူငယ်ချင်းတစ်ယောက်ပဲရှိတာ။ ကွန်ဗလိုင်လည်း သူငယ်ချင်းတွေ အများကြီးထားမနေနဲ့။ သစ္စာမရှိတဲ့သူတွေနဲ့ တွေ့မယ်"

အမေနှင့်အတူ အိမ်မှာနေသည့်အခေါ်က အမှန်အားဖြင့် အမေနှင့်ဆွေမျိုးရင်းခြာ မည်သို့မျှ မပတ်သက်။ အခေါ်က အမေ့စကားထဲ၌ပါသည့် အမေ၏ကွမ်းစားကွမ်းကျွေး သူငယ်ချင်းတစ်ယောက်သာဖြစ်သည်။ အမေနေထိုင်သည့်

mgyoe.com

mgyoe.com SAMPLE BOOK

မော်လမြိုင်တစ်ဘက်ကမ်း ဘီလူးကျွန်း၌ သင်္ကြန်ပွဲပြီးဆုံးသွားသည့် အချိန်တိုင်း ရွာစဉ်ရွာဆက် ဘုရားပွဲများရှိလေသည်။ ထိုဘုရားပွဲများ၌ အမေတို့ခေတ်က ကွမ်းစားကွမ်းကျွေး သူငယ်ချင်းများလည်း ရှာဖွေရရှိတတ်ပေသည်။ ကိုယ်က သူငယ်ချင်းအဖြစ် ရာသက်ပန်ပေါင်းသင်းမည့်သူအား ရွေးချယ်၍ ကိုယ့်ဘက်မှ ကွမ်းတစ်ယာကို ယာ၍ပေးရသည်။ အပေါင်းအသင်းအဖြစ် လက်ခံမည့် သူငယ်ချင်း ဆိုလျှင် ကိုယ်ကမ်းပေးသည့်ကွမ်းယာအား ယူ၍စားလေသည်။ လက်ခံခြင်း ခွင့်မပြု သည့် သူငယ်ချင်းအနေဖြင့် ကွမ်းကိုယူ၍မစားရ။ တစ်ဖန် လက်ခံ မည့်သူငယ်ချင်း က ကွမ်းတစ်ယာကို ကိုယ့်ထံပြန်ပေးမည်။ အမေတို့ခေတ်က ကွမ်းစားကွမ်းကျွေး သူငယ်ချင်းက တစ်ယောက်ထက်ပို၍လည်း မထားရ။ မထားကြ။ ကွမ်းစားကွမ်း ကျွေးပြီး၍ ရရှိလာသည့် သူငယ်ချင်းဆိုသူကိုလည်း သေတစ်ဖန် သက်တစ်ဆုံး သူငယ်ချင်း အဖြစ် လက်တွဲကြလေသည်။

အမေ၏ကွမ်းစားသူငယ်ချင်း အဒေါ်က အပျိုကြီးတစ်ယောက်မို့ အမေ မုဆိုးမဖြစ်စဉ် သူငယ်စဉ်ကတည်းက သူတို့အိမ်မှာပင် လာရောက်နေထိုင်ခဲ့သည်။

အမေ၏အစွဲအလမ်းကြီးမှုသည်ကား အဖေနှင့်ပတ်သက်နေခြင်း ဖြစ်သည်။ သူ ငါးနှစ်သားအရွယ်က အဖေဆုံးသွားသည့်အတွက် အဖေဟူသည် သူ့အာရုံ၌ ဝေဝေဝါးဝါးမျှသာ။ မသဲကွဲ။ သို့သော် အမေပြောနေတတ်ခဲ့သည့် စကားများ အောက်တွင်မူ အဖေ့အကြောင်းသည် အမြဲတစေ ပါဖြစ်နေမြဲ။ အမေသည် အဖေ့ ကို မုန်းသည်မဟုတ်၊ နာကျည်းသည်မဟုတ်။ အမေ၏ အစွဲကြီးမှုသံသယတစ်ခု ဖြင့်သာ အဖေ့ကို ရစ်ပတ်တုပ်နှောင်နေခြင်း ဖြစ်သည်ဟု သူကထင်၏။

"အမေအပျိုတုန်းက အမေ့ဓာတ်ပုံတစ်ပုံကို ကွန်ဗလိုင်တို့အဖေက ဘယ် လိုနည်းနဲ့ ရသွားသလဲတော့ မသိဘူး။ နောက်ပိုင်း အမေပြန်ကြားရတာ ကတော့ အမေ့ဓာတ်ပုံကိုယူ၊ ဆေးဆရာတစ်ယောက်ဆီကို တိတ်တိတ် လေးသွားပြီး ဓာတ်ပုံကို အင်းကွက်တွေချ၊ မန်းမှုတ်ပြီး အမေ့ကိုရအောင် ယူခဲ့တာပဲ။ ပြီးတော့ အမေ့အင်္ကျီတစ်ထည်ကိုလည်း မင်းအဖေတို့အိမ်ရဲ့ လှေကားအတက်အဆင်းမှာ မြှုပ်ထားခဲ့တယ်ဆိုပဲ။ အဲဒီလိုနည်းနဲ့ ကွန် ဗလိုင့်အဖေက အမေ့ကို ရအောင်ယူခဲ့တာ"

အမေပြောသည့် စကားများအား သူအတော်အတန် ငယ်စဉ်ကတော့ဖြင့် ဟုတ်လိမ့်နိုးနိုးဖြင့် မရိုးမရဲ ယုံကြည်ခြင်းစွက်ခဲ့ဖူးလေသည်။ သို့သော် အမေ့စကား များ ယုတ္တိနှင့်ကင်းကွာနေသည်ကိုတော့ သူ အထက်တန်းကျောင်းသားဘဝကပင်

mgyoe.com

တွေးသိဖူးခဲ့ပြီ။ အမေ့ဓာတ်ပုံတစ်ပုံက ဘယ်ကဘယ်လို ပျောက်ရတာလဲ၊ အဖေက အမေ့ကိုရဖို့ ဘယ်ဆေးဆရာကြီးဆီမှာ သွားလုပ်ခဲ့တာလဲ အစရှိသဖြင့် သေချာ တိကျခြင်းကို ပေးစွမ်းနိုင်မည့်မေးခွန်းမျိုးအား အမေ့ကို မေးကြည့်မိသည့်အခါကျ တော့ အမေ့ထံမှရရှိသည့် တုံ့ပြန်အဖြေတစ်ခုသည် သူ့အတွက် ကျေနပ်စရာကောင်း သောအဖြေတော့ ဖြစ်မနေခဲ့။ လူတစ်ယောက်ကို ကိုယ့်အိမ်ပေါ်မှာ ရှိနေစေချင် သည့် ဆန္ဒတစ်ခုဖြင့် ထိုလူ၏အဝတ်အစား အသုံးအဆောင်တစ်ခုခုအား ကိုယ့် အိမ်၏လှေကား အတက်အဆင်းမှာ မြှုပ်နှံထားရုံနှင့် ကိစ္စပြီးမြောက်သည်ဆိုသည့် အမေ့စကားတို့သည်လည်း အဲသည့်အချိန်ကတည်းက သူ့အတွက် ယုတ္တိနှင့်ဝေး နေပြန်သည်။ သို့သော်. . . သူ့အတွက် စစ်မှန်သော အဖြေတစ်ခုရှိနေလျှင် ပြီးပြီ။ အမေ့ကိုတော့ ထိုကိစ္စများနှင့်ပတ်သက်၍ သူက မည်သို့မျှ စောဒကမတက်ခဲ့ပါ။

သည်လိုနှင့် ရန်ကုန်မှာ စက်မှုတက္ကသိုလ်တက်ရင်း ဘွဲ့ရ၊ အလုပ်ရပြီး မကြာမီ မိန်းမပေါ်ရသည့်အခါကျမှ အမေ၏ အစွဲကြီးကြီးဆူးများက သူ့ထံသို့ တည့် တည့်လာစိုက်လေသည်။ ထူးခြားစွာပင် အမေ၏အစွဲများက သူ၏ဇနီးသည်ထံသို့ နည်းနည်းမျှပင် ဝေ့သီ၍မစိုက်။ သူ့ဇနီးသည်က အမေ၏အစွဲဆူးများအား ယနေ့ ထက်ပင် သိမည်မထင်။

ဥစ္စာဓနအရ၊ ရုပ်ရည်အရ၊ အပေါင်းအသင်းပတ်ဝန်းကျင်အရ အဖက်ဖက် မှ အစစအရာရာသာသည့် သူ့ဇနီးသည်နှင့် ပတ်သက်ပြီး သူ့ကိုပြောကြားလာသည့် အမေ့စကားတို့က "ကွန်ဗလိုင်. . . ကွန်ဗလိုင့်မိန်းမက ကွန်ဗလိုင့်ကို တစ်နည်း နည်းနဲ့ ရအောင်ယူလိုက်တာပဲ"ဟူသည့်စကား။ အမေ့စကားတို့၌ အခြားအခြား သော တစ်ဦးတည်းသောသားတို့၏ အမေများနှယ် ဘယ်လိုမိန်းကလေးမျိုးနဲ့မှ သဘောမတူနိုင်ဘူး အစရှိသည့်အဓိပ္ပာယ် သက်ရောက်သည့်စကားများ ပါမနေခဲ့။ အမေသည် သူနှင့် သူ၏ဇနီးတို့အား သဘောမတူခြင်းမဟုတ်။ သူ အိမ်ထောင်ပြု ခြင်းအား အစွဲတစ်ခုဖြင့် မကျေနပ်ခြင်းတစ်ခုသာ ဖြစ်သည်။

ထို့ထက်ပိုသော ပြင်းထန်သည့် စကားများဖြင့်လည်း အမေက မစွပ်စွဲ။ သူ့ဇနီးကို ဘီလူးကျွန်းအထိ ခေါ်လာသည့်အခါတွင်လည်း သူ စိုးထိတ်ခဲ့ရသကဲ့ သို့ ဇနီးဖြစ်သူကို အမေက ငြူစူစောင်းမြောင်းခြင်းလည်း အလျဉ်းမရှိ။ "အမေက ဗမာစကား ကျွမ်းကျွမ်းကျင်ကျင် မပြောတတ်တော့ အမှားပါမှာစိုးလို့"ဆိုသည့် အမေ့စကားတစ်ခွန်း အောက်၌ ဇနီးဖြစ်သူကလည်း အမေ့အား မည်သို့မျှ သံသယ မဝင်။ သို့သော် အမေ့ စိတ်ထဲ တစ်ခုခုဖြစ်နေသည်ကိုသိနေသည့် သူကသာ အမေ

mgyoe.com SAMPLE BOOK

တို့ကြား၌ ထူးခြားသော ခံစားမှုများဖြင့် စိုးထိတ်လျက်။

အဲသည့်အခါကျ် ရွာမှအပြန် သူနှင့် သူ့ဇနီးက အမေ့အား ကုန်း၍ကန် တော့ကြတော့ "ကွန်ဗလိုင်. . . နင့်မိန်းမကို အမေမုန်းလိုက်တာ။ နောက်တစ်ခါ ရွာကိုလာရင် ခေါ်မလာနဲ့"ဆိုသည့်စကားအား အမေ ပြောလာခဲ့သည်။ မွန်ဘာသာ နှင့် ပြောသည့်စကားမို့ ဇနီးသည်မသိသော်ငြား ထိုစကားအတွက် သူ့မှာတော့ စိတ်ကသိကအောက် ဖြစ်ရလေသည်။ နောက်နှစ်သကြ်န်ပြီး ရုံးပိတ်ရက် ဘီလူးကျွန်း ကို သူဆင်းတော့ သူတို့မှာ သားတစ်ယောက်လည်း ရှိလာပြီမို့ ကလေးငယ်နှင့် သူ့ဇနီးအား အမေ့ရွာသို့ ခေါ်လာစရာမလိုတော့။ ယခုနှစ်အထိပင် ရှိခဲ့ပြီ။

"ကွန်ဗလိုင်. . . ကွန်ဗလိုင်ရဲ့အမေက ဒီနှစ်ထဲမှာ ဘာဖြစ်တယ်ကို မသိ ပါဘူး။ ကွန်ဗလိုင်ပြန်လာမယ့်ရက်ကိုပဲ လက်ချိုးရေနေတာ လနဲ့ချီနေပြီ။ ပြီးတော့ ထူးထူးဆန်းဆန်း စကားတွေလည်းပြောရဲ့။ ကွန်ဗလိုင် ဒီတစ် ခေါက်လာရင် ရွာကမပြန်တော့ဘဲ ဒီမှာပဲ အပြီးနေရင်ကောင်းမယ်တဲ့။ အဲဒါနဲ့ အဒေါ်လည်း ကွန်ဗလိုင်က ဟိုမှာမိန်းမနဲ့ ကလေးနဲ့ ဒီမှာဘယ်နေ နိုင်မလဲလို့။ ကွန်ဗလိုင်ကိုသတိရရင် နင် မြို့ကိုတက်ပါလားလို့ပြောတော့ ကွန်ဗလိုင့်အမေက ပြောတယ်၊ သူက မြို့မှာနေချင်တာမဟုတ်ဘူးတဲ့၊ ကွန်ဗလိုင်ကိုသာ ရွာမှာနေစေချင်တာတဲ့"

ညနေက အမေ သူ့အနား၌မရှိစဉ် အဒေါ်ပြောလာသည့်စကားတို့အား ပြန်ကြားယောင်မိသည်။ အမေ့ကို ရန်ကုန်သို့ခေါ်သွားလျှင်လည်း တစ်သက်လုံးတော့ အမေက ဖြစ်မည်မဟုတ်။ ခဏတစ်ဖြုတ်ဆိုလျှင်တောင် သူ့ဇနီးရှိသည့် ရန်ကုန်မှာ အမေ ကြာကြာနေမည်မထင်။ တွေးရင်းငေးရင်းနှင့် မိုးသည်စုန်းစုန်း ချုပ်ခဲ့ပြီ။

❑

(၃)

တစ်မှေးမှေးလိုက်၊ လန့်နိုးလိုက်ဖြင့် ရွာမှပြန်မည့်ညတစ်ညသည် သူ့အတွက် ဆတ်တောက် ဆတ်တောက်နိုင်လွန်းလှသည်။ တောင်တန်းတွေ၊ သစ်ပင်တွေနှင့် ထူထပ်လွန်းလှသည့် ရွာကလေးမို့ ရန်ကုန်ညကဲ့သို့မဟုတ်သည့် ညသတ္တဝါလေးတို့ ၏အသံက တိုးလိုက်ကျယ်လိုက်နှင့် တစစ်စစ်စီနေသည်။ နွေညဆိုသော်ငြား ဘီ လူးကျွန်းမှ ရွာတွေက အိုက်စပ်ခြင်းတော့ အလျဉ်းမရှိ။ အေးစိမ့်စိမ့် အခြေအနေ တစ်ခုသာ။

"ပုဆိုး ၅ ထည်၊ အကျီ ၇ ထည်၊ ဘောင်းဘီ ၂ ထည်၊ ဂျာကင်တစ်ထည်"

mgyoe.com

 mgyoe.com SAMPLE BOOK 

အစရှိသဖြင့် ဇနီးဖြစ်သူမှတ်ပေးလိုက်သော စာရွက်လေးအကြောင်းကို အခုမှ ပြန်စဉ်းစားမိကာ သူပြုံးမိပြန်သည်။ ဇနီးဖြစ်သူက နေရာတကာ၌ စေ့စပ်သေချာသူ။ စာရင်းဇယား အတိအကျရှိသူ။ ညအိပ်ရာမဝင်ခင် ရန်ကုန်ပြန်ဖို့ သူအထုပ်ပြင်စဉ် ကပင် သူတွေးလိုက်မိသေးသည်။ သည်တစ်ကြိမ်တော့ ဆရာမကြီး မှားလေပြီဟု။ ဘာကြောင့်ဆိုလျှင် သူ့ဇနီး၏စာရင်းထဲ၌ အင်္ကျီ ၇ ထည်ဆိုသော်ငြား ယခုမူ သူ့ အင်္ကျီက ၆ ထည်ပင် ရှိနေသောကြောင့်ဖြစ်သည်။

"ဒုတ်. . . ဒုတ်. . . ဒုတ်"

တိုးသွားလိုက် ကျယ်သွားလိုက်နှင့် ဝေးသွားသလိုလို နီးကပ်လာသလိုလို တဒုတ်ဒုတ်အသံတို့ကြောင့် သူအိပ်နေသည့် ပြတင်းတံခါးအား တွန်းဖွင့်ပြီး အပြင် ကိုကြည့်လိုက်ဦးမည်ဟု စဉ်းစားလိုက်သော်လည်း ဒုတ်. . . ဒုတ်အသံတို့က ဝေး ကွာ ပျောက်ကွယ်သွားပြန်သည်။ သူအိပ်နေသည့်အိပ်ရာနှင့် မနီးမဝေးရှိနေသည့် ခြံစည်းရိုးအား သတ္တဝါတစ်ကောင်ကောင် ဝင်တိုးလိုက်သည့်အသံလေလား။ ဟုတ်ချင်လည်း ဟုတ်နေမှာ။ ခေါင်းရင်းအိမ်မှာက နို့စားနွားမ သားအမိတစ်အုပ် ရှိတော့ နို့စို့နွားငယ်လေးတစ်ကောင်၏ ခြံစည်းရိုးသို့ ဝင်တိုးသံတစ်ခုဖြစ်နိုင်သည်။ သူခိုးသူဝှက်တော့ မဖြစ်နိုင်။ သူတို့ရွာတွေဘက်မှာ သူခိုးသူဝှက်ဆိုသည်က အင် မတန်မှ ရှားပါးလွန်းသည်လေ။

တဒုတ်ဒုတ်အသံများ ဝေးကွာသွားသော်ငြား မနက်မိုးမလင်းမီ အရုဏ် တက်ချိန်၌ ကားဂိတ်သို့ဆင်းရမည့်အရေး ရှိနေသည်နှင့်ပင် သူအိပ်၍မရချင်တော့။ ဟိုတွေးသည်တွေး ဟိုသည်လူးလှိမ့်ရင်းနှင့်ပင် မနက်လေးနာရီခွဲအချိန်ရောက်တော့ အောက်လင်းမှန်အိမ် မှိန်ပျပျလေးအားကိုင်ကာ အခန်းထဲမှ အမေထွက်လာခဲ့သည် ကို မြင်လိုက်ရသည်။ သူလည်း အိပ်ရာသိမ်း၊ စောင်ခေါက်၊ အိမ်ပေါ်မှာပင် မျက်နှာ သစ်ရင်း အမေနွှေးပေးသည့် နွားနို့ပူပူတစ်ခွက်နှင့် ဒေသထွက် ပဲမုန့်နှစ်ခုအား စားပြီး ကားဂိတ်ဆင်းဖို့ပြင်ရသည်။

"အမေ. . . သား တစ်နှစ်တစ်ခေါက်တော့ ရွာကိုပြန်ဖြစ်မှာပါ၊ အမေလည်း ကျန်းမာရေးဂရုစိုက်နော်။ အမေ ဒီကြားထဲမှာ ရွှေတိဂုံဘုရားဖူးချင်ရင် တော့ သားဆီကို ဖုန်းဆက်လိုက်လေ။ အဲဒီအခါကျရင် အမေ့ကို သား လာကြိုမယ်"

ရွာမှပြန်စဉ်တိုင်း ပြောနေကျစကားကိုဆိုတော့ အမေ့ဆီမှ ဘာစကားမှ ထွက်ကျမလာ။ အဒေါ်ကတော့ဖြင့် အောက်လင်းမှန်အိမ်လေးအား ကိုင်ထားသည့်

mgyoe.com